မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချီ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၅၇)

၁၃၈၈ ခုနှစ်၊ နယုန်လကွယ်နေ့
၂၀၂၆ ခုနှစ်၊ ဇွန် ၁၄ ရက်၊ တနင်္ဂနွေနေ့

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကၠ အမိုက်ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကၠ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်– မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ မဟော်ဂနီပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး



“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”ဆိုသည့် မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရန်၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်

နေပြည်တော် ဇွန် ၁၃

၂၀၂၆ ခုနှစ်–မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒကွိဏသိရိမြို့နယ်၊ ပလွေးကြိုးဝိုင်း၊ အကွက်အမှတ်(၁)တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ မဟော်ဂနီပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဆွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★

ဦးဆောင်စိုက်ပျိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်– မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ရေးကုန်ပစ္စည်းများတင်ဆောင်လာသောမော်တော်ယာဉ်များ တတိယအကြိမ် မြစ်ကြီးနားမြို့သို့ ထပ်မံရောက်ရှိ၊ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာစွာကြိုဆို



နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တစ်ဝန်းတည်ငြိမ်အေးချမ်းစေရေးနှင့် ဒေသတွင်းနေထိုင်ကြသည့် ပြည်သူများ၏လူမှုစီးပွားဘဝများ လုံခြုံစိတ်ချဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်ထားမှုအပေါ်တပ်မတော်အနေဖြင့်

စာမျက်နှာ ၆ ကော်လံ ၁ ■

မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အထောက်အကူပြုပစ္စည်းများနှင့်ထောက်ပံ့ရေးကုန်ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်များ မြစ်ကြီးနားမြို့သို့ရောက်ရှိရာ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာစွာကြိုဆိုကြစဉ်။

ဆောင်းပါး

ကြီးမြတ်သော နှလုံးသားတို့၏ အသီးအပွင့်များ

စာ– ၁၂ သို့

ဝေါမြို့နယ်၌ ဇီဝမီးသွေး မြေဩဇာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြသ

စာ– ၂၂ သို့

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၁၄ ရက်)

စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်၍ စံပြုထိုက်သူများဖြစ်လာရေး

ပညာတတ်ပေါကြွယ်သောနိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်ကြသည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတိုင်းတွင် ပညာတတ်များပေါကြွယ်သည်။ မြန်မာနိုင်ငံသည်လည်း ပညာတတ်ပေါကြွယ်သောနိုင်ငံဖြစ်စေရမည်။ ထိုသို့ဖြစ်စေရန်အတွက် နိုင်ငံတော်အစိုးရက ဦးဆောင်လမ်းပြဆောင်ရွက်ပေးနေသည်ကို ကျောင်းသား၊ ကျောင်းသူများက လိုက်ပါကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ လူငယ်တို့၏ အနာဂတ်ဘဝခရီးလှုပရေး၊ ပညာရည်ပြည့်ဝစေရေးအတွက် အဓိကကျလှသည်မှာ ပညာရေးဖြစ်သည်။ ဆရာ၊ ဆရာမတို့သည် လူငယ်များ၏ အနာဂတ်ကိုအကောင်းမွန်ဆုံးဖြစ်အောင်ဖန်တီးရာ၌ အကောင်းဆုံးသောဥယျာဉ်မှူးများဖြစ်သည်။

ပညာရေးရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံအတွက် တန်ဖိုးအရှိဆုံးသောရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သည်။ ယခုအခါ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၊ ပြင်ပမှ ကျောင်းနေရန်အခက်အခဲရှိသူများအတွက် တပ်မတော်ပညာရေးကျောင်းများကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 ၊ Grade-12 အတန်းပညာများကို အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)နှင့် အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း (နေပြည်တော်) တို့တွင် ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။ ပညာတတ်မှ နိုင်ငံ့အရေးကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဆိုသည့်အတိုင်း ပညာရေးကိုအလေးထားသော မိဘများနှင့်ကျောင်းသား၊ ကျောင်းသူများအတွက် အလွန်ထူးခြားသောအခွင့်အရေးဖြစ်သည်။

ထူးခြားသောအခွင့်အရေးဟုဆိုလိုက်ခြင်းမှာ အဆိုပါကျောင်းသားလူငယ်များအနေဖြင့် အတန်းစာများကို သင်ယူခွင့်ရရှိမည်ဖြစ်သလို ကျောင်းသားများ၏နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့်အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည်ဖြစ်သည်။ ထို့ပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃,၀၀၀/-ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း (၅၇,၀၀၀/-ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း (၇၁,၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိမည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇွန်လ ၁၂ ရက်က အမှတ်(၂) တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး လမ်းညွှန်မှာကြားရာတွင် **"သင်တန်းသားများအားလေ့ကျင့်သင်ကြားပေးရာတွင် ပညာရေးပိုင်းသာမက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုပြီး အကျင့်စာရိတ္တကောင်းမွန်ကာ ထူးချွန်ထက်မြက်သည့် နိုင်ငံတော်နှင့်တပ်မတော်ကအားထားရသော မျိုးဆက်သစ်လူငယ်များပေါ်ထွက်လာရေး စနစ်တကျလေ့ကျင့်သင်ကြားပေးရန်၊ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်၍ စံပြုထိုက်သော ကျောင်းသားများဖြစ်အောင် ပျိုးထောင်ပေးရန်၊ အားကစားတွင် အရည်အသွေးရှိသူများကို ထူးချွန်သည့်အထိ မြေတောင်မြှောက်ပေးရန်၊ ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့်သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပေးရန်"** ထည့်သွင်းမှာကြားခဲ့သည်။

တပ်မတော်လူငယ်ပညာရေးကျောင်းတွင် ပညာသင်ကြားခွင့်ရရှိသူလူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်အတွက် သားကောင်းသားမွန်များဖြစ်လာပေမည်။ ပညာပြည့်ဝနှံလုံးလှသည့် လူသားတစ်ယောက်အဖြစ် ရှင်သန်ရပ်တည်နိုင်ရန်အတွက် အကောင်းဆုံးအဖော်မွန်သည် ပညာပင်ဖြစ်သည်။ ပညာသည်သာ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားဆုံးဖြတ်လုပ်ကိုင်နိုင်သည့်ဉာဏ်ရည်ကို ထုဆစ်ပုံဖော်နိုင်ခြင်းဖြစ်သည်။ ပညာဟုဆိုသည့်နေရာတွင် အသိပညာ၊ အတတ်ပညာဟူ၍ ပိုင်းခြားသိမြင်နိုင်သည်။ အသိပညာနှင့်အတတ်ပညာကိုပိုင်ဆိုင်နိုင်ရန် အတန်းပညာသည် အဓိကအခြေခံဖြစ်သည်။ ထို့ကြောင့် တပ်မတော်လူငယ်ပညာရေးကျောင်းများက အတန်းပညာများသင်ပေးနေခြင်းဖြစ်သည်။

တပ်မတော်၏မေတ္တာစေတနာဖြင့် မိမိတို့၏ပညာရေးကိုဆုံးခန်းတိုင်သင်ယူခွင့်ရရှိသည့်အပြင် ပညာသင်ကြားနေစဉ်အတွင်း မိမိအတွက်သတ်မှတ်ပေးထားသည့်လစာလည်း ရရှိမည်ဖြစ်သည်။ ထို့ပြင် တပ်မတော်ဆိုသည်မှာ စည်းစနစ်ခိုင်မာစွာဖွဲ့စည်းထားသည့်အဖွဲ့အစည်းဖြစ်သည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်သည့် စည်းစနစ်ကောင်းများရရှိမည်ဖြစ်သည်။ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များအဖြစ်သို့ရောက်ရှိအောင် တပ်မတော်လူငယ်ပညာရေးကျောင်းများက လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း လူငယ်ကျောင်းသားများအနေဖြင့် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် ပညာတတ်လူငယ်ကလေးများဖြစ်လာမည်မှာ အမှန်ဖြစ်သည်။ ချမှတ်ထားသောစည်းကမ်းများကို တိကျစွာလိုက်နာ၍ မိမိတို့ဘဝတိုးတက်မြင့်မားရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ အောင်မြင်မှုမှန်သမျှမှာ ကြိုးစားခြင်းမှပေါ်ထွက်လာခြင်းဖြစ်သည်။ ကြိုးစားမှုမရှိဘဲ မည်သည့်အောင်မြင်မှုမှမရနိုင်သကဲ့သို့ တန်ဖိုးရှိသောလူငယ်အဖြစ်သို့လည်း ရောက်ရှိနိုင်မည်မဟုတ်ပေ။ လူငယ်များအနေဖြင့် ပညာရေးအားနည်းလျှင် အသိပညာလည်း အားနည်းနေမည်သာဖြစ်သည်။

"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဟူသော နိုင်ငံတော်၏မူဝါဒအတိုင်း တပ်မတော်က ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် ပညာရေးကဏ္ဍကိုမြှင့်တင်၍ လူငယ်များ၏ စိတ်နေစိတ်ထား (Mind Set) ကို မြင့်မားလာအောင် ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ပြင် မိဘပြည်သူများ၏ဝန်ထုပ်ဝန်ပိုးကို ကူညီပေးခြင်းလည်းဖြစ်သည်။ အနာဂတ်တွင် နိုင်ငံတော်အတွက် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့အဖြစ် ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များဆောင်ရွက်ပေး

ရပ်စောက် ဇွန် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(ရပ်စောက်) ကျောက်စိမ်းခန်းမဆောင်၌ ဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွားဘဝဆောင်ရွက်ခြင်း၊ ခရီးသွားလာခြင်းတို့တွင် အဆင်ပြေချောမွေ့စေရန်နှင့် နိုင်ငံသားတစ်ဦး၏အခွင့်အရေးများကို အပြည့်အဝရရှိစေရန်အတွက် အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရပ်စောက်မြို့နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်းများ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ရပ်စောက်)မှ ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်များရရှိစေရေးဆောင်ရွက်ပေးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၅)

လှိုင်းဘွဲ့မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

လှိုင်းဘွဲ့ ဇွန် ၁၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် မူးယစ်ဆေးဝါးများအန္တရာယ်၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် လှိုင်းဘွဲ့မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး စိုင်းထွန်းထွန်းလှက ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ပြစ်မှုပြစ်ဒဏ်ကျူးလွန်မှုကင်းရှင်းရေးလုပ်ငန်းများကို အသိပညာပေးဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစောသော်တာလင်းသန့်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့်လူမှောင်ခိုလူကုန်ကူးမှုအန္တရာယ်များအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးရီက မိုးရာသီတွင် ဖြစ်ပေါ်တတ်သည့် မုန်တိုင်းဘေး၊ ရေဘေး၊ မိုးကြိုးအန္တရာယ်နှင့်ငလျင်ဘေးအန္တရာယ်များအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်းသိကောင်းစရာ နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၀၆)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၂၆(တနင်္ဂနွေနေ့)

၁။	၀၆:၀၃	တရားတော်	၈။	၁၄:၂၅	Music Gallery
၂။	၀၆:၄၅	ဓမ္မပူဇောတေး	၉။	၁၅:၄၀	ဇာတ်လမ်းတို
၃။	၀၆:၅၅	နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့	၁၀။	၁၆:၃၅	တစ်ပတ်အတွင်းအားကစားသတင်း
၄။	၀၇:၀၀	ကိုယ်လက်လှုပ်ရှားအားကစား	၁၁။	၁၇:၂၀	မြန်မာသံစဉ်ချိုနားဝင်
၅။	၀၈:၂၀	မျိုးချစ်တပ်မတော်	၁၂။	၁၈:၀၀	ပြည်သူ့ကြားက ပြည်သူ့စကား
၆။	၀၈:၅၀	မောင်မယ်လေးများသိစေချင်	၁၃။	၁၉:၀၀	CGTN NATURE(36)
၇။	၁၃:၅၀	ရင်မှာစွဲလမ်းတော်ဝင်ပန်း	၁၄။	ညနေ ၄ နာရီ သတင်းအပြီး	နိုင်ငံတကာသတင်း

သဇင်(FM)အသံလွှင့်အစီအစဉ်

၁၄-၆-၂၀၂၆(တနင်္ဂနွေနေ့)

၁။	၀၈:၀၀	မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ	၄။	၁၄:၅၅	Sporty Zone
၂။	၁၀:၄၀	နိပါတ်တော်လာသိမှတ်စရာ	၅။	၁၈:၂၀	Relaxing Moment
၃။	၁၃:၃၀	Music Crazy	၆။	၂၁:၄၀	အသံလွှင့်ဇာတ်လမ်း

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ
နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

အမြိုးမြို့အနယ်နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပ

ညောင်ဦး



ဒီပါလင်း

ကျိုက်လတ်



လှိုင်မင်းအောင်(ပြန်/ဆက်)

ချောက်



ကျော်မိုး(ပြန်/ဆက်)

ဘိုကလေး



မိုးစက်(ဘိုကလေး)

ပြည်



ဝဏ္ဏထွန်း(ပြန်/ဆက်)

တောင်တွင်းကြီး



နောင်နောင်(ဗိသနိုးမြေ)

ကျွန်းစု



ထက်မြင့်(ကျွန်းစု)

ကျောက်ဆည်



သက်မောင်(ကျောက်ဆည်)

ကျောက်ပန်းတောင်း



နေအောင်(ပြန်/ဆက်)

သီပေါ



မြို့နယ်(ပြန်/ဆက်)

ဝါးခယ်မ



မြို့နယ်(ပြန်/ဆက်)

ရွှေကျင်



ထွန်းထွန်းဇော်(ပြန်/ဆက်)

ပူတာအို



ခရိုင်(ပြန်/ဆက်)

ပျော်ဘွယ်



မင်းမင်းထွေး(ပျော်ဘွယ်)

ကော့သောင်း




ခရိုင်(ပြန်/ဆက်)

မုဒုံ



ရာမည(ပြန်/ဆက်)

ပခုက္ကူ



ဘာမီသာ(ပခုက္ကူ)

မင်းလှ



ဝင်းမြတ်(အထက်မင်းလှ)

ကမ္ဘဖလ

တင့်တယ်

ယမန်နေ့မှအဆက်

ဤကိစ္စပေါ်လာသဖြင့် ကျွန်ုပ်၏ လက်စားချေလုပ်ငန်းကြီး အစပျိုးဖို့ဖြစ်လာသည်မှာ တစ်နည်းအားဖြင့်ကောင်း၏။ အဘယ်ကြောင့်ဆိုသော် ဦးလေးဦးဒေါနု၏အထောက်အကူကြောင့် ကျွန်ုပ်မှာ ဦးလေး၏ပစ္စည်းကို ဝေစုခွဲရန် မျှော်လင့်ချက်ရှိနေသည်သာမက စစ်ပြီးခေတ် ကုန်သည်စခန်းထချိန်မို့ ကျွန်ုပ်၏ ကိုယ်ပိုင်ငွေကြေးပင်လျှင် သောင်းချီ၍ ရှိနေသည်ဖြစ်ရာ အမှီနှင့်လည်း နီးနီးကပ်ကပ် အရိပ်တကြည့်ကြည့်နေခွင့် ကြုံပြန်သောကြောင့် ကျွန်ုပ်သည် စည်းစိမ်မှိုင်းမိကာ လက်စားချေလိုသောစိတ်မှာ အားနည်းသလိုဖြစ်ခဲ့၏။ သို့သော် ကံအားလျော်စွာ နံနက်တိုင်းသွားတိုက်ရင်းမြင်နေရသော ရွှေသွားကလေး၏ ကျေးဇူးကြောင့် ဘဝသန့်ဌာန်ကြီးကို မမေ့မပျောက်ခဲ့ပေ။ ယခုကား အမှီနှင့် ဆယ်သိန်းတန်အမွေအနှစ်တို့ကို လက်လွှတ်ရတော့မည့် အရေးတော်ပုံကြီး ကြောင့် စည်းစိမ်မှိုင်းထဲမှ လူးလွန့်လှုပ်ရှားကာ ဒရောသောပါး အကြံအစည်တွေ ပွားများရပြန်ပေတော့သည်။

ကိုမြဖေကို အပြုတ်ဖြုတ်ရန်ကိစ္စက လက်ဦးဗွေဆော် ပေါ်၍လာရသည်ကား ကံတရားကို ကျေးဇူးတင်ဖို့ပင်ကောင်းနေသေး၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မျိုးဖြုတ်ရမည့် အမွေခံတို့မှာဦးဒေါနနှင့် မောင်ညိမ်းအောင်တို့မှအပ ကျွန်ုပ်အပေါ်၌ တစ်စွန်းတစ်စကလေးမျှ စော်ကားခဲ့သူတို့မဟုတ်ပေရာ ထိုသို့သောသွေးရင်းသားရင်းတို့ကို သွေးအေးအေးနှင့် ကိစ္စတုံးကြဲစည်ရန်မှာ မည်မျှပင် ကျွန်ုပ်စိတ်ထဲ၌ အခဲအမဲကြီး ထားစေကာမူ လွယ်ကူလှသည်မဟုတ်ပေ။ သို့သော် သင်းတို့တစ်မျိုးလုံးကိုဖြုတ်မှသင်းတို့ မာနထောင်ခဲ့သော စည်းစိမ်ကို တစ်ယောက်တည်းခံစားရမည်ဖြစ်ရကား ကြင်ရာလောင်းအမှီမှလွဲလျှင် အမွေခံထိုက်သူဟူသမျှကို မဖြုတ်ဘဲကား မနေနိုင်ပေ။ သို့ဖြစ်လေရာ အစမ်းစာမေးပွဲသဘောဖြင့် သွေးသားလည်းဝေး ရန်ငြိုးလည်းရှိ လောလောဆယ်တွင် ကျွန်ုပ်၏ အသည်းနှလုံး သည်းပွတ်နှင့်တူသော အမှီကိုယူတော့မည်ဖြစ်သည့် ကိုမြဖေအား ပွဲဦးထွက်လက်စားချေရမည်မှာ တစ်နည်းအားဖြင့် ကံတရားရွှေကိုယ်တော်ကိုပင် ပူဇော်ရှိခိုးချင်စရာ ဖြစ်နေပေသေးသည်။

ကံတရား၏လက်ပေး၍ သတ်တတ်သောသဘောကို အခါခါကြုံခဲ့ဖူးသူ ကျွန်ုပ်သည် လူအချင်းချင်းလည်း အကြိုက်ကို ပေး၍သတ်မှ မြန်မြန်သတ်နိုင်သည့် အချိုးအစားကို နားလည်ပြီးဖြစ်သည့် အလျောက် ကိုမြဖေ၏အကြိုက်ကို လိုက်၍ကြည့်ရ၏။ ကိုမြဖေကား ဟိုငယ်စဉ် ကျွန်ုပ်နှင့် ပထမအကြိမ် တွေ့စကပင် သေနတ်တကိုင်ကိုင်နှင့် အမဲပစ် တောလိုက်ဝါသနာပါသူဖြစ်ပေရာ ကိုမြဖေအား သူဝါသနာပါသောသေနတ်ဖြင့်သာ လက်စားချေရတော့မည်ဟု ဆုံးဖြတ်လိုက်ရ၏။ ကံအားလျော်စွာ ကိုမြဖေနှင့် အမှီတို့ လက်ထပ်ကြမည့်ရက်မှာ သုံးလခန့်ကွာဝေးသေးသဖြင့် ကျွန်ုပ်မှာ ကြံသာဖန်သာအောင် အတော်ကြာ အချိန်ရခဲ့ပေသည်။

ထို့ကြောင့် တစ်နေ့တွင် ကိုမြဖေတို့ အိမ်သို့ကူးသွားကာ သေနတ်ပြောင်းတိုက်နေသူ ကိုမြဖေထံသို့ကပ်၍ "ဘယ့်နယ်လဲ ကိုမြဖေ ... သ, လှချည်ကလား သေနတ်ကို ..." ဟု မေးရင်း သူ့အနားခွဲထိုင်လိုက်ကာ ကိုမြဖေက "သ,ဆို ... ကြာအင်းတောထဲမှာ ဘယ်တုန်းကမှ မရောက်စဖူးတဲ့ တောဝက်နှစ်ကောင် ရောက်နေသတဲ့ဗျ ... အကြီးအကောင်က အချိန်သုံးဆယ်လောက် စီးလိမ့်မယ်တဲ့။ ကျွန်တော့်မှဆိုးက လာပြီးပြောလို့ နက်ဖြန်ကျရင် အမဲပစ်ထွက်မလို့ ကိုကံကောင်းပျင်းရင်လိုက်ခဲ့ပါလား" ဟု ပြော၏။ ကျွန်ုပ်နှင့် ကိုမြဖေတို့ကား နှစ်နှစ်၊ သုံးနှစ်ကြာအောင် ကုန်အတူသွယ်ခဲ့ကြခြင်းဖြင့် ယခုအခါ၌ များစွာကပင် ခင်မင်ရင်းနှီးနေကြပေပြီ။ သူတောလိုက်၍ရလာသော ချေသားခြောက်၊ ဆတ်သားခြောက်များကို စားခဲ့ဖူးသည်မှာလည်း မရေမတွက်နိုင်ခဲ့ပေ။

"မလိုက်ဝံ့ပါဘူးဗျာ ... ကျွန်တော်က သေနတ်မှမပစ်တတ်ဘဲ။ မတော်တဆ တောကောင်နဲ့တွေ့ရင် ကိုးရိုးကားရားနဲ့ မေးမြန်းနေပေသည်။ ကိုမြဖေမှာ သူ

"ကံတရား၏လက်ပေး၍ သတ်တတ်သောသဘောကို အခါခါကြုံခဲ့ဖူးသူ ကျွန်ုပ်သည် လူအချင်းချင်းလည်း အကြိုက်ကို ပေး၍သတ်မှ မြန်မြန်သတ်နိုင်သည့် အချိုးအစားကိုနားလည်ပြီးဖြစ်သည့်အလျောက် ကိုမြဖေ၏အကြိုက်ကို လိုက်၍ကြည့်ရ၏။ ကိုမြဖေကား ဟိုငယ်စဉ် ကျွန်ုပ်နှင့် ပထမအကြိမ်တွေ့စကပင် သေနတ်တကိုင်ကိုင်နှင့် အမဲပစ်တောလိုက်ဝါသနာပါသူဖြစ်ပေရာ ကိုမြဖေအား သူဝါသနာပါသောသေနတ်ဖြင့်သာ လက်စားချေရတော့မည်ဟု ဆုံးဖြတ်လိုက်ရ၏..."

အပြေးရ လမ်းမှားနေပါဦးမယ်" ဟု ကျွန်ုပ်က ဆိုလိုက်သည်တွင် ကိုမြဖေကပြုံး၍ "တောကောင်ဆိုတာက ဒါလောက် ကြောက်စရာမဟုတ်ပါဘူးဗျာ ... အေးလေ ...အမဲလိုက်စမရှိတဲ့လူအဖို့မှာတော့ ဘယ်ပြောလို့ဖြစ်မလဲ။ ကျွန်တော်တော့ဖြင့် အရင်တုန်းကဆိုရင် အကာအကွယ်ယူပြီးမှ အဝေးကြီးက လှမ်းလှမ်းပြီးပစ်ခဲ့တယ်။ ကြာတော့လည်း အဝေးကြီးက ချောင်းပြီး ပစ်ရတာငြီးငွေ့လာသဗျ။ ခုတော့ စစ်အတွင်းက သေနတ်ကောင်းကလည်းရပြီး သား၊ လက်မှန်းကလည်းရလာတော့ တောကောင်ဆိုရင် ရှေ့တည့်တည့်ကနေ ပြီး ကိုယ့်ကိုရန်မူဖို့ ပြေးလာတော့မှပဲ အနားတော့ပြီး မောင်းဖြုတ်ချင်တော့တယ်။ အဲဒါမှ အရသာပဲဗျာ... သူက ကိုယ့်ကိုသတ်ရအောင် လာလေတော့ ကိုယ်က ကာကွယ်တဲ့ သဘောလည်း ရောက်သဗျ။ ချေတို့၊ ဆတ်တို့ကို အဝေးကြီးက ချောင်းပြီးပစ်ရခတ်ရတာက တစ်ဖက်သတ် ကျလွန်းလှတယ်လို့ အခုတော့ ထင်မိတယ်၊ သနားစရာလည်း ကောင်းသဗျ" ဟု သူ့အယူအဆကို ပြောပြ၏။

ကျွန်ုပ်လည်း သူနှင့် စကားရောဖောရောပြောဆိုရင်း သေနတ်အကြောင်း၊ သားကောင်တို့၏ ဓလေ့အကြောင်းကို လုပ်တဲ့ကျည်ဆန်ဆိုတာဖြင့် ရှိကိုမရှိတော့ပါဘူးဗျာ၊ ကံအားလျော်စွာ ဂျပန်ရိုင်ဖယ်ကျည်ဆန်တွေနဲ့ တော်ပြီးနေလို့ ဒီသေနတ်ကို ကိုင်နိုင်တာပဲဗျ။ ဒါပေမဲ့ ကျည်ဆန်တိုင်း မတော်ဘူးဗျ၊ ကျည်ဆန်တွေကလည်း တောကလူတွေ တိုက်ပွဲပြီးသွားရင် လိုက်ကောက်ပြီး ရောင်းတာဆိုတော့ သောင်းပြောင်းမို့ မနည်းရွေးချယ်ပြီးပစ်နေရတယ်"ဟု ဆိုရင်း ကျည်ဆန်သောင်းပြောင်းအထုပ်ကြီးထဲမှ ရိုင်ဖယ်ကျည်ဆန်များကို တစ်ဆန်စီရွေးကာ သေနတ်ပြောင်းနှင့်တော်သော ကျည်ဆန်များကို သီးသန့်ဖယ်ထုတ်၍ ကျည်ဆန်အိတ်တွင် ထည့်လျက်ရှိ၏။ ကျွန်ုပ်လည်း "အေးဗျာ ကျည်ဆန်တွေက ကြည့်တော့ဖြင့် တူတူလိုပဲနော်" ဟု စကား အလိုက်သင့်ပြောလျက် ကျည်ဆန်များကို သူ့အား အထုပ်ထဲမှ ကောင်းနိုးရာရာကောက်ယူ၍ ပေးနေသည့်အခိုက် ကျွန်ုပ်၏စိတ်မှာ ကား ပထမကမ္ဘာစစ်အတွင်းက သူလျှိုကိစ္စတစ်ခုကိုပြေး၍တွေးနေ၏။ ထိုသူလျှိုကိစ္စမှာ တခြားမဟုတ်။ စစ်တပ်မှ လက်နက်ရုံသို့ သေနတ်ကျည်ဆန်အမှာစာပို့ရာတွင် ကျည်ဆန်အတိုင်းအထွာစာရင်းကို သူလျှိုတို့ကြားဖြတ်ရရှိရာ၌ စာရင်းကို ဖျောက်ဖျက်ပစ်လျှင် စစ်တပ်က စာရင်းအသစ်ထပ်ပို့ကာ အကြောင်းထူးမည် မဟုတ်သောကြောင့် သူလျှိုတို့သည် ကျည်ဆန်လုံးပတ်အတိုင်းအထွာ ၁ ဒသမ ၉၆ စင်တီမီတာရှိသော ကျည်ဆန်များကို လုပ်၍ စစ်တပ်သို့တင်ပို့သည်၌ ရိုင်ဖယ်သေနတ်များနှင့်မတော်ဘဲ ကျည်ဆန်သုံးသန်းခန့်လွှင့်ပစ်ရပြီးလျှင် စစ်ပွဲတစ်ပွဲပင်ရှုံးခဲ့ရသောကိစ္စဖြစ်၏။

ဆက်လက်ဖော်ပြပါမည်။

ပေါက်ခေါင်းမြို့နယ်၌ စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေး

ပေါက်ခေါင်း ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇွန်လ ၁၂ ရက်က အခြေခံပညာ အထက်တန်းကျောင်းခွဲ (ထန်းတပင်)၌ ကျင်းပသည်။

ရှေးဦးစွာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဌေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးမျိုးအောင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက် (၃) ဒေါ်သင်းသင်းထွေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-11 မှ မမြတ်နိုးဦးက လူငယ်နှင့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု၊ မချစ်သိမ့်မြတ်ဇွန်က လူငယ်နှင့် ဇာတိမာန်၊ မအိအိထွေးက လူငယ်နှင့် ရိုင်းပင်းကူညီလိုစိတ်၊ မနေခြည်လင်းလက်က လူငယ်နှင့်နည်းပညာ ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ်၌ စာဖတ်ရှုန်မြှင့်တင်ရေးလှုပ်ရှားမှုဟောပြောပွဲနှင့် ကာယဉာဏပြိုင်ပွဲများကျင်းပ



ရန်ကုန် ဇွန် ၁၃

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှုန်မြှင့်တင်ရေးလှုပ်ရှားမှုဟောပြောပွဲနှင့် ကာယ၊ ဉာဏပြိုင်ပွဲများကို ဇွန်လ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် မြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ဇာလင်းက စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ကာယပြိုင်ပွဲများဖြစ်သော ခွက်ရွှေ့ပြိုင်ပွဲ၊ ဘယ်ခြေညာလက်ပြိုင်ပွဲများကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ခိုင်ဇာလင်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တွေ့ဆုံဆွေးနွေး



ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြဝတီ

မန္တလေး ဇွန် ၁၃

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် မန္တလေးတိုင်းဒေသကြီးရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုပြီး တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။ ယင်းနောက် ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကိုးကန့်၊ တအာင်း၊ နာဂ၊ ရှမ်းနီ၊ ပအိုဝ်း၊ လီဆူနှင့်မယ်တိုင်(ကသဲ) တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည်မှားယွင်းမှုကိစ္စများ၊ တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ်ပွဲတော်အခမ်းအနားကျင်းပနိုင်ရေးအတွက် မြေကွက်နေရာရရှိရေးဆိုင်ရာကိစ္စများကို

“သမိုင်းအစ ယဉ်ကျေးမှုက” သမိုင်းဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပ

နေပြည်တော် ဇွန် ၁၃

“သမိုင်းအစ ယဉ်ကျေးမှုက” ခေါင်းစဉ်ဖြင့် သမိုင်းဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက် ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး၊ မြန်မာသမိုင်းအဖွဲ့ဝင်ဆရာကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင်ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က



သမိုင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတိုးလှက “သမိုင်းအစ ယဉ်ကျေးမှုက” ခေါင်းစဉ်ဖြင့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူ၊ ပုဂံခေတ်စသည်ဖြင့် မြန်မာ့ယဉ်ကျေးမှုအဆင့်ဆင့်ထွန်းကားတိုးတက်ပြောင်းလဲသော သမိုင်းဆိုင်ရာအကြောင်းအရာများကို ဟောပြောဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

● ကျောဖုံးမှအဆက်

လုပ်ငန်းသုံးပစ္စည်းများ ခင်းကျင်းထားမှုကိုကြည့်ရှုစစ်ဆေးကာ ဇေယျာသီရိမြို့နယ်သာယာဝှမ်းကျေးရွာရှိကျည်တောင်ဝက်မွေးမြူရေးခြံ၌ ဝက်မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဇေယျာသီရိမြို့နယ် နရဘန်ချောင်းအား သက်နှင်းအင်းကျေးရွာမှပေါင်းလောင်းတမံသွားသည့်လမ်းအထိ ချောင်းချဲ့ထွင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ကို (ပုဗ္ဗသီရိ)

တောင်ကြီးမြို့၌ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

တောင်ကြီး ဇွန် ၁၃

၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် တောင်ကြီးမြို့ရှောင်လမ်းဘေးနောင်တလိကျေးရွာအနီး တောင်ကြီး(ထင်း)ကြိုးဝိုင်းအတွင်း၌ကျင်းပရာ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က တက်ရောက်လာကြသူများအား ပျိုးပင်များပေးအပ်ကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ အမျိုးသမီးများနှင့်ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် စသည့်ဒေသသုံးခုရှိ ကျေးလက်နေအမျိုးသမီးများအတွက် ဦးစားပေးဆောင်ရွက်ရန် စီမံချက်ရေးဆွဲထားရှိမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ရှမ်းပြည်နယ်အတွင်းဆောင်ရွက်မည့် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးကာ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ယာယီနေရပ်စွန့်ခွာမိသားစုများအတွက် ထောက်ပံ့ငွေများ၊ ကျောင်းနေအရွယ်ကလေးများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ



လေယာဉ်လက်မှတ်ခန့်နှုန်းထားများ သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့်မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၁၃

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခန့်နှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့သည့် Agent အမည်၊ ဝယ်ယူခဲ့ရသည့်ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာ လေကြောင်းလိုင်းများသို့ တိုက်ရိုက် တိုင်ကြားနိုင်ပါကြောင်းနှင့် လေယာဉ်လက်မှတ်ခန့်နှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့် မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

မြဝတီ

နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၃°c	/	၃၁°c
ရန်ကုန်	၂၄°c	/	၂၈°c
မန္တလေး	၂၆°c	/	၃၈°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

■ **ရှေ့ဖုံးမှအဆက်**

ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဒေသအလိုက် တည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာစေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဒေသတစ်ခုပြီးတစ်ခု အကောင်အထည်ပေါ်လာစေရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အနေဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်ပေးရာတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုတို့ကိုဆောင်ရွက်ပေးပြီးသည်နှင့် ဒေသအတွက်လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပညာရေးကဏ္ဍ မြှင့်တင်ပေးရန် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများအား တပ်မတော်ယာဉ်တန်းများဖြင့် ပို့ဆောင်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဝေးလံပြီးသွားရေးလာရေး ခက်ခဲသည့်ဒေသများသို့ တပ်မတော်လေယာဉ်များဖြင့်ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားပြီး အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် ဒေသများ၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် အတူကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် ဆက်သွယ်ရေးလမ်းကြောင်းများအနက်တစ်ခုဖြစ်သော မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း-မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းအား မေလ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို မန္တလေးမြို့မှတစ်ဆင့် မြစ်ကြီးနားမြို့သို့ ပထမအကြိမ်အဖြစ် မေလ ၁၂ ရက်တွင်လည်းကောင်း၊ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များနှင့် စက်သုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ်များနှင့် မီးသတ်ကားများအား ဒုတိယအကြိမ်အဖြစ် မေလ ၃၁ ရက်တွင်လည်းကောင်း ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်းကိုလည်း မြဝတီရုပ်မြင်သံကြားသတင်းများတွင် ထုတ်လွှင့်ခဲ့ပြီးဖြစ်ရာ ပြည်သူများ၏စကားသံများကိုလည်း ကြားမြင်ခဲ့ရပြီး သတင်းကို ကြည့်မြင်နေသည့်ပြည်သူများ၏ရင်ထဲမှာပင် ဝမ်းသာကြည်နူးမှုများကူးစက်လာသည်အထိ အားရဝမ်းသာပျော်ရွှင်ခဲ့ကြရသည်။

ယနေ့တွင်လည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုအပေါ် တပ်မတော်၏စီမံဆောင်ရွက်မှုဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်ရှိမြို့၊ ရွာများ၌ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏နေရပ်ဒေသများ၌ ပြန်လည်အခြေချနေထိုင်စဉ် စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေး၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် စာရေးကိရိယာများရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် **စာမျက်နှာ ၇ သို့** ■





မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အထောက်အကူပြုပစ္စည်းများနှင့် ထောက်ပံ့ရေးကုန်ပစ္စည်းများအား သက်ဆိုင်ရာနေရာအသီးသီးသို့ ပို့ဆောင်ပေးနေမှုကို သွားရောက်ကြည့်ရှုစဉ်။



ကုန်ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်များ မန္တလေးမြို့မှ ထွက်ခွာစဉ်။



ကုန်ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်များ ရွှေကျင်ဂိတ်သို့ရောက်ရှိစဉ်။



ကုန်ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်များ နွယ်နီရွာလမ်းဆုံသို့ ရောက်ရှိစဉ်။



ကုန်ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်များ မတ္တရာမြို့သို့ရောက်ရှိစဉ်။







ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ တငါတံတားသို့ရောက်ရှိစဉ်။



ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ လက်ပန်ကုန်းရွာသို့ရောက်ရှိစဉ်။



ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ ကသာမြို့သို့ရောက်ရှိစဉ်။



ကုန်ပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ ထီးချိုင့်တံတားသို့ ရောက်ရှိစဉ်။



ကုန်ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်များ မြစ်ကြီးနားမြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ စွာကြိုဆိုကြစဉ်။

■ စာမျက်နှာ ၆ မှအဆက်

အခြားသောလိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များနှင့် စက်သုံးဆီများ တင်ဆောင်လာသော မော်တော်ယာဉ်များအား တတိယအကြိမ်အဖြစ် ပို့ဆောင်ပေးခဲ့ရာ မန္တလေးမြို့မှ ဇွန်လ ၁၁ ရက်တွင် စတင်ထွက်ခွာပြီး ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက အိုးစည်ဒိုးပတ်များ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကျေးဇူးတင်ဝမ်းမြောက်စွာကြိုဆိုခဲ့ကြကြောင်း သိရှိရသည်။

ဆက်လက်၍ အဆိုပါမော်တော်ယာဉ်များပေါ်တွင်ပါရှိလာသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များအား ခရိုင်ပညာရေးမှူးရုံးသို့လည်းကောင်း၊ အခြေခံစားကုန်များအား ပြည်နယ်မိုးလုံလေလုံအားကစားခန်းမသို့လည်းကောင်း၊ ဓာတ်မြေဩဇာများအားစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့လည်းကောင်း အသီးသီးပို့ဆောင်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါထောက်ပံ့ပေးရေးပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းသားလူငယ်များ၏ ပညာရေးကဏ္ဍများအတွက် အထောက်အကူပြုမည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိပြီး တပ်မတော်အနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

➪ ကျောဖုံးမှအဆက်

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ် မန်းဓာတ်အားပေးစက်ရုံမှ ၃၃ ကေဗွီနှင့်၁၁ ကေဗွီ ဓာတ်အားလိုင်းများဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားသော ပွင့်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့၊ မလွန်မြို့ ၊ မင်းလှမြို့၊ စကူမြို့၊ ငဖဲမြို့၊ ဆင်ဂေါင်းကျေးရွာများ၊ ထောက်ရှာပင်ရေနံမြေနှင့် မင်းဘူးဓာတ်ငွေ့ရည်စက်ရုံတို့တွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ဓာတ်အားသုံးစွဲသူအများပြည်သူများကို ကြိုတင်အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ၂၃ ကေဗွီ ကနောင်ပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ခနောင်တိုဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ မြို့ရုံး(၁) ဓာတ်အားလိုင်းတို့၏ ဆက်စပ် Switchbay များ ကြံ့ခိုင်ကောင်းမွန်စေရန်နှင့် မလိုလားအပ်သော ဓာတ်အားပြတ်တောက်မှုများ မဖြစ်ပေါ်စေရန်အတွက် Switchbay ထိန်းသိမ်းပြုပြင်ခြင်းနှင့် ၃၃ ကေဗွီဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အောက်ဖော်ပြပါ အတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည် -

စဉ်	ဓာတ်အားလိုင်းအမည်	ရက်စွဲ/ အချိန်	ဓာတ်အားပြတ်ဇရိယာ
၁။	၃၃ ကေဗွီ ခနောင်တို	၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့ (၁၀:၀၀) နာရီမှ (၁၃:၀၀) နာရီအထိ	ဆိပ်ကြီးခနောင်တိုမြို့နယ်၊ အေးရွာနှင့် ဒလမြို့နယ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ
၂။	၃၃ ကေဗွီ မြို့ရုံး (၁)	၂၀၂၆ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့ (၁၀:၀၀) နာရီမှ (၁၃:၀၀) နာရီအထိ	စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)၊ ညောင်ရွာနှင့် ဒိုင်စုစသည့် ရပ်ကွက်များ

ထို့အတွက် ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။

မြဝတီ

ကန်ကြီးထောင့်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်ပင် ၂၀၀၀၀ ခန့်ပျိုးထောင်ထား

ကန်ကြီးထောင့် ဇွန် ၁၃

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန် မြို့နယ်ပျိုးဥယျာဉ်၌ သစ်ပင် ၂၀၀၀၀ ခန့် ပျိုးထောင်ထားရှိကြောင်း သိရသည်။

"၂၀၂၆ ခုနှစ် မိုးရာသီမှာ သစ်ပင်တွေ စိုက်ပျိုးဖို့နဲ့ ပြည်သူတွေကို ဖြန့်ဝေပေးဖို့ မြို့နယ်သစ်တောဦးစီးဌာနအနေနဲ့ ပျဉ်းကတိုးပင် ၅၀၀၀ ၊ မန်ကျန်ရှားပင် ၁၅၀၀၀ ပျိုးထောင်ထားပါတယ်။ ဒါ့ပြင် ကျေးရွာတစ်ရွာကို နှစ်ဧကနဲ့ သစ်ပင်စိုက်ပွဲတွေ၊ လမ်းဘေး၀ဲ၊ ယာမှာ အရိပ်ရစေဖို့နဲ့ သာယာလှပစေဖို့ သစ်ပင်တွေ စိုက်ပျိုးနေပါတယ်" ဟု မြို့နယ်သစ်တောဦးစီးဌာနတာဝန်ခံ တောအုပ် ဦးလှမင်းကပြောသည်။

ကန်ကြီးထောင့်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ရေမြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကိုကာကွယ်နိုင်ရန်၊ လက်ရှိပြည်သူများနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်မည့် အကျိုးကျေးဇူးများကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များ ထာဝစဉ်တည်တံ့နေစေရန်အတွက် သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

သွေးချိုဆီးချိုရောဂါနှင့် သရက်သီးမှည့်စားသုံးမှုအကြောင်းသိကောင်းစရာ

ဒေါက်တာသိဒ္ဓိကျော်

အသီးများ၏ဘုရင်ဟု ခေါ်ဝေါ်လေ့ရှိသော သရက်သီးသည် ကမ္ဘာတစ်ဝန်းတွင် နှစ်သက်စွာ စားသုံးလေ့ရှိသည့် ချိုမြိန်ပြီး အရည်ရွှမ်းသောအသီးအနှံတစ်မျိုးဖြစ်သည်။ သရက်သီးမှည့်သည် ဂလူးကို့စ်နည်းသော အသီးအနှံများ သို့မဟုတ် သဘာဝသကြား အစားထိုးအစားအစာများကို ရှာဖွေနေသော သွေးချိုဆီးချိုရောဂါရှိသူများအတွက် အငြင်းပွားဖွယ်ရာများ မကြာခဏဖြစ်ပေါ်စေလေ့ရှိသည်။ ကာဗိုဟိုက်ဒရိတ်နှင့် သကြားစားသုံးမှုကို အနီးကပ်ဂရုစိုက်ရမည့် သွေးချိုဆီးချိုရောဂါရှိသူများအတွက် သရက်သီးတွင် ပါဝင်သော သဘာဝသကြားဓာတ်သည် အရေးကြီးသောမေးခွန်းများကိုဖြစ်ပေါ်စေသည်။ သရက်သီးမှည့်သည် ချိုလွန်းသည်ဟု မကြာခဏဝေဖန်ခံရသော်လည်း သင့်တော်သောပမာဏကိုစားသုံးပါက ကျန်းမာရေးနှင့်ညီညွတ်ပြီး သွေးချိုဆီးချိုရောဂါအတွက် အကျိုးများသော အသီးတစ်မျိုးဖြစ်နိုင်ပါသည်။

"သွေးချိုဆီးချိုရောဂါရှိသူများအနေဖြင့် နံနက်စောစောပိုင်းနှင့် နေ့ခင်းဘက်တွင် သဘာဝအတိုင်း အင်ဆူလင်အာရုံခံနိုင်စွမ်း မြင့်မားလေ့ရှိသောကြောင့် သရက်သီးကဲ့သို့သော အသီးအနှံများ စားသုံးခြင်းသည် သွေးတွင်းသကြားဓာတ်မြင့်တက်မှုကို လျှော့ချပြီး စွမ်းအင်အဖြစ် ပြောင်းလဲပေးနိုင်သည်။ အစားအသောက်ပညာရှင်အများစုက သရက်သီးမှည့်ကို နံနက်စောစောစားသုံးရန်အကြံပြုထားသည်။ ထမင်းစားပြီးနောက် အချိုပွဲအဖြစ် သရက်သီးမှည့်စားသုံးခြင်းကိုရှောင်ကြဉ်ရန် သတိပေးထားသည်။ ညနေခင်းနှောင်းပိုင်းတွင် သရက်သီးမှည့်များများစားခြင်းဖြင့် သွေးတွင်းဂလူးကို့စ်ကို အလွန်အမင်း အတက်အကျဖြစ်စေနိုင်သည် . . ."

သရက်သီးမှည့်၏အာဟာရတန်ဖိုးများ

သရက်သီးမှည့်တွင် သဘာဝသကြားဓာတ်ပါဝင်မှုရှိသော်လည်း အမျှင်ဓာတ်ကြွယ်ဝကာ အဖိုးတန် ဗီတာမင်များ၊ အင်တီအောက်စီးဒင့်များပါဝင်ပြီး Glycemic Index (ဂလိုင်စီမစ် အညွှန်းကိန်း ၅၁) နည်းပါးသောကြောင့် ပြုပြင်ထားသော သို့မဟုတ် ကစီဓာတ်များသော တခြားအစားအစာများထက် သွေးတွင်းသကြားဓာတ်ကို နှေးကွေးစွာ မြင့်တက်စေသည်။ အမျှင်ဓာတ်ပါဝင်မှုက အစာချေဖျက်မှုနှင့် သကြားစုပ်ယူမှုကို နှေးကွေးစေပြီး ရုတ်တရက် ဂလူးကို့စ်မြင့်တက်ခြင်းအန္တရာယ်ကို လျှော့ချပေးသောကြောင့် စားသုံးမှုပမာဏကို ထိန်းချုပ်ထားသရွေ့ သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးနိုင်ပြီး ကျန်းမာရေးကို အထောက်အကူပြုနိုင်သည်။ သရက်သီးမှည့်တွင် ကယ်လိုရီ၊ ကာဗိုဟိုက်ဒရိတ်၊ သဘာဝသကြားနှင့် အစာချေဖျက်နိုင်သော အမျှင်ဓာတ်များပါဝင်သည်။ နေ့စဉ်လိုအပ်သော ဗီတာမင်-C၊ ဖောလိတ်၊ ပိုတက်ဆီယမ်၊ ဗီတာမင်-A နှင့် ဗီတာမင်-E စသည့် အာဟာရဓာတ်များကိုလည်း ပေးစွမ်းနိုင်သဖြင့်ကိုယ်ခံအားကိုမြှင့်တင်ပေးပြီး ဇီဝဖြစ်စဉ်ကို အထောက်အကူပြုနိုင်သောကြောင့် ခန္ဓာကိုယ်၏ အလုံးစုံကျန်းမာရေးကို ကောင်းမွန်စေသည်။

သရက်သီး သုတေသနများ

သုတေသနပြုလေ့လာမှုများအရ သရက်သီးအသင့်အတင့်စားသုံးမှုကို ထောက်ခံထားသည်။ လေ့လာမှုတစ်ခုအရ နေ့စဉ် အေးခဲထားသောသရက်သီးမှည့် ၁၀ ဂရမ်စားသုံးသော အဝလွန်သူများသည် သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှုကို တိုးတက်ကောင်းမွန်စေကြောင်း တွေ့ရှိခဲ့သည်။ Oklahoma State University ၏ အာဟာရသိပ္ပံဌာနမှ ပြုလုပ်သောလေ့လာမှုတစ်ခုအရ သရက်သီးပိုလီဖီနောများသည် အဆီပိုများကိုလျှော့ချပေးပြီး ဂလူးကို့စ်ခံနိုင်ရည်ကို တိုးတက်ကောင်းမွန်စေနိုင်ကြောင်း ကောက်ချက်ချခဲ့သည်။ မကြာသေးမီက Food & Function တွင် ထုတ်ဝေခဲ့သော လေ့လာမှုတစ်ခုအရ သရက်သီးစားသုံးခြင်းသည် အရွယ်ရောက်ပြီးသူများတွင် အင်ဆူလင်အာရုံခံနိုင်စွမ်း တိုးတက်ကောင်းမွန်လာပြီး ရောင်ရမ်းမှုအမှတ်အသားများ လျော့နည်းသွားခြင်းနှင့်ဆက်စပ်နေကြောင်း၊ သရက်သီးမှည့်ကို အသင့်အတင့်စားသုံးပြီး ကစီဓာတ် သို့မဟုတ် အဆီများသောအစားအစာများနှင့် တွဲဖက်မစားပါက အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိခဲ့သည်။

သွေးချိုဆီးချိုရောဂါရှိသူများအတွက် သရက်သီးမှည့်ကိုသင့်လျော်စွာစားသုံးနည်း

သွေးချိုဆီးချိုရောဂါရှိသူများအတွက် သရက်သီးမှည့်စားသုံးမှုကိုတားမြစ်ထားခြင်းမဟုတ်ပါ။ သရက်သီးတွင် အမျှင်ဓာတ်ကြွယ်ဝကာ အဖိုးတန် ဗီတာမင်များ၊ အင်တီအောက်စီးဒင့်များပါဝင်ပြီး ဂလိုင်စီမစ် အညွှန်းကိန်း နည်းပါးသည်။ သရက်သီးထဲမှ သကြားဓာတ်၏ ၃၀ ရာခိုင်နှုန်းခန့်သည် အသည်းတွင် ဇီဝဖြစ်စဉ်ပြောင်းလဲသော Fructose ပါဝင်ပြီး Fructose လွန်ကဲပါက နှလုံးရောဂါနှင့်ဆက်စပ်နေသော သွေးတွင်းအဆီတစ်မျိုးဖြစ်သည့် Triglycerides များကိုမြင့်တက်စေနိုင်သောကြောင့် သွေးချိုဆီးချိုရောဂါနှင့် သွေးတွင်းကိုလက်စထရော မြင့်မားသူများအတွက် အထူးသတိထားသင့်သည်။

သွေးချိုဆီးချိုရောဂါရှိသော်လည်း သရက်သီးမှည့်ကို လုံးဝရှောင်ကြဉ်ရန် မလိုအပ်ပါ။ သို့သော် စားသုံးသောပမာဏကို အာရုံစိုက်ခြင်းဖြင့် စတင်ပါ။ ပုံမှန် ကာဗိုဟိုက်ဒရိတ်တစ်ကြိမ်စာသည် ကာဗိုဟိုက်ဒရိတ် ၁၅ ဂရမ်ခန့်နှင့် ညီမျှသည်။ လိုးထားသော သရက်သီးမှည့်ခွက်တစ်ဝက် (၈၂ ဒသမ ၅ ဂရမ်ခန့်) တွင် ကာဗိုဟိုက်ဒရိတ် ၁၂ ဒသမ ၅ ဂရမ်ခန့် ပါဝင်ပြီး သွေးချိုဆီးချိုရောဂါရှိသူအများစုအတွက် ဘေးကင်းသော စားသုံးမှုဖြစ်သည်။ ကျွမ်းကျင်သူများက တစ်နေ့လျှင် လိုးထားသော သရက်သီးမှည့်ခွက်တစ်ဝက်စားရန်အကြံပြုထားသည်။ ထိုထက်ပို၍ တစ်ကြိမ်တည်းစားသုံးခြင်းသည် သွေးတွင်းသကြားဓာတ်ကို ခန့်မှန်းထားသည်ထက် ပိုမိုမြင့်တက်စေနိုင်သည်။ သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်းကို ကာကွယ်ရန်အတွက် ပေါင်မုန့်တစ်ချပ် သို့မဟုတ် ထမင်းပန်းကန်လုံးငယ်တစ်ခုစားခြင်းကို သရက်သီးဖြင့် အစားထိုးခြင်းကဲ့သို့ တစ်နပ်စာအစားအစာတွင် တခြားကာဗိုဟိုက်ဒရိတ်များနှင့် သရက်သီးမှည့်ကို လဲလှယ်စားသုံးနိုင်ပါသည်။ အသီးအနှံများကို ထမင်းစားချိန်တွင် အစားအစာများနှင့်အတူ ချက်ချင်းမစားဘဲ သရေစာစားချိန်တွင် အစာခြေနှုန်းနှေးကွေးသော ပရိတင်း သို့မဟုတ် အခွံမာသီးအနည်းငယ်ဖြင့် အစားအစာများနှင့်အတူ တွဲဖက်စားသုံးပါက သွေးတွင်းသကြားဓာတ်မြင့်တက်မှုကို ရှောင်ရှားနိုင်သည်။

ခေတ်မီစားသောက်မှု အလေ့အထများကြောင့် လူအများစုသည် သရက်သီးမှည့်ကို လတ်ဆတ်သော အသီးအဖြစ်မစားကြတော့ဘဲ သရက်သီးဖျော်ရည်များ၊ ပြုပြင်ထားသောသရက်သီးခြောက်များ၊ သရက်သီးနို့အေးချောင်းများ၊ သရက်သီးချိစ်ကိတ်များ၊ သရက်သီးရေခဲမုန့်များ၊ သရက်သီးဒိန်ချဉ်များနှင့် ချိုမြိန်သော သရက်သီးထုတ်ကုန်များတွင် အဝိုသကြားများ ထည့်သွင်းလေ့ရှိသော အချိုပွဲများအဖြစ်စားသုံးကြသည်။ ပြုပြင်ထားသောသရက်သီးများသည် အမျှင်ဓာတ်အနည်းငယ်သာပါဝင်သောကြောင့် သွေးတွင်းသကြားဓာတ်ကို မြန်မြန်မြင့်တက်စေနိုင်ပါသည်။ သွေးချိုဆီးချိုရောဂါရှိသူများသည် ပြုပြင်ထားသော သရက်သီးများကိုရှောင်ပြီး ကျန်းမာရေးနှင့်အညီ ညွတ်ဆုံး လတ်ဆတ်သောသရက်သီးမှည့်ကို ပမာဏထိန်းချုပ်စားသုံးရန်လိုအပ်သည်။

သွေးချိုဆီးချိုရောဂါရှိသူများ သရက်သီးမှည့်စားရမည့်အချိန်

သွေးချိုဆီးချိုရောဂါရှိသူများအနေဖြင့် နံနက်စောစောပိုင်းနှင့် နေ့ခင်းဘက်တွင် သဘာဝအတိုင်း အင်ဆူလင်အာရုံခံနိုင်စွမ်း မြင့်မားလေ့ရှိသောကြောင့် သရက်သီးကဲ့သို့သော အသီးအနှံများစားသုံးခြင်းသည် သွေးတွင်းသကြားဓာတ်မြင့်တက်မှုကို လျှော့ချပြီး စွမ်းအင်အဖြစ်ပြောင်းလဲပေးနိုင်သည်။ အစားအသောက်ပညာရှင်အများစုက သရက်သီးမှည့်ကို နံနက်စောစောစားသုံးရန်အကြံပြုထားသည်။ ထမင်းစားပြီးနောက် အချိုပွဲအဖြစ် သရက်သီးမှည့်စားသုံးခြင်းကိုရှောင်ကြဉ်ရန် သတိပေးထားသည်။ ညနေခင်းနှောင်းပိုင်းတွင် သရက်သီးမှည့်များများစားခြင်းဖြင့် သွေးတွင်းဂလူးကို့စ်ကို အလွန်အမင်း အတက်အကျဖြစ်စေနိုင်သည်။ နံနက်ခင်းလမ်းလျှောက်ပြီးနောက် လေ့ကျင့်ခန်းပြုလုပ်ပြီးချိန်၊ အစာစားချိန် တစ်ကြိမ်နှင့်တစ်ကြိမ် ကြားကာလများသည် သစ်သီးစားရန် အကောင်းဆုံးအချိန်ဖြစ်သည်။

အစာအိမ်ထဲတွင် အစာမရှိသည့်အခါ သရက်သီးမှည့်စားခြင်း၊ ဖျော်ရည်များ၊ ရေခဲမုန့်များနှင့် အချိုပွဲများစားခြင်းသည် သွေးတွင်းသကြားဓာတ်ပမာဏကို လျင်မြန်စွာမြင့်တက်စေနိုင်သည်။ ထို့ကြောင့် သွေးချိုဆီးချိုရောဂါရှိသူများသည် သရက်သီးမှည့်ကို ပရိတင်း သို့မဟုတ် အခွံမာသီး၊ အစေ့များ၊ ကျန်းမာရေးနှင့်ညီညွတ်သော အဆီများပါသည့် ဂရိဒိန်ချဉ် သို့မဟုတ် ဒိန်ခဲနှင့် တွဲဖက်စားသုံးပါက အစာခြေနှုန်းကို နှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်ပမာဏကို ပိုမိုတည်ငြိမ်အောင် ထိန်းသိမ်းပေးနိုင်သည်။

သကြားဓာတ်ကို လုံးဝထိန်းချုပ်မထားနိုင်သော အခြေအနေနှင့် သွေးတွင်းသကြားဓာတ် မတည်ငြိမ်သည့်အခါ၊ သွေးတွင်းပိုတက်ဆီယမ်ဓာတ်မြင့်မားသောအချိန်များတွင် သရက်သီးမှည့်စားခြင်းကို လုံးဝရှောင်ကြဉ်သင့်သည်။

ရိုးရှင်းလက်တွေ့ကျသော အာဟာရဆိုင်ရာ အကြံပြုချက်

သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှုကို အသီးတစ်မျိုးတည်းဖြင့်သာ ဆုံးဖြတ်၍မရပါ။ အဓိက အချက်က နည်းနည်းစားပါ။ နံနက်စောစောပိုင်းနှင့် နေ့ခင်းဘက်တွင်စားသုံးပါ။ သရက်သီးမှည့်ကို သကြားပါသောအချိုပွဲများနှင့် တွဲစားခြင်းကိုရှောင်ကြဉ်ပါ။ သရက်သီးဖျော်ရည်ကို ရှောင်ကြဉ်ပါ။ အစာစားပြီးနောက် ခဏလမ်းလျှောက်ခြင်း၊ ပုံမှန်အိပ်စက်မှုပုံစံများ၊ သရက်သီးမှည့်ကို ပရိတင်း၊ အမျှင်ဓာတ်ကြွယ်ဝမျှတသောအစားအစာများနှင့် တွဲဖက်စားသုံးခြင်းအပြင် သွေးတွင်းဂလူးကို့စ်ကို ပုံမှန်တိုင်းတာစစ်ဆေးခြင်းသည် ရာသီပေါ်သီးနှံသရက်သီးကိုစားချင်လျက်ကြောက်ရွံ့ပြီး မစားရသောခံစားမှုထက် များစွာအကျိုးသက်ရောက်မှုရှိသည်။

အချုပ်အားဖြင့်ဆိုရသော် သရက်သီးမှည့်ကို အသင့်အတင့်စားသုံးပြီး စားသုံးသည့်ပမာဏ၊ အချိန်နှင့် မှန်ကန်သောအစားအစာတွဲဖက်စားသုံးမှုများကို အလေးထားစားသုံးပါက သွေးချိုဆီးချိုရောဂါအတွက် သင့်လျော်သော သရေစာတစ်ခုဖြစ်နိုင်ကြောင်း အာဟာရသုတမျှဝေလိုက်ရပါသည်။

ခရမ်းမြို့၌ ကျောင်းကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို ဇွန်လ ၁၂ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များက ခန္ဓာကိုယ်ဖွံ့ဖြိုးစေရန် အာဟာရသုံးအုပ်စုဆိုင်ရာများအကြောင်း၊ မိုးရာသီတွင်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများအကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို အရပ်၊ ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရေပြား၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ နာ၊ လည်ပင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

ခင်နှင်းဝေ(ခရမ်း-ပြန်/ဆက်)



ဒိုက်ဦးမြို့၌ ဘိုင်အိုချာစပါးခွံမီးသွေးပြုလုပ်ခြင်းနှင့် စပါးခွံပေါင်းခံရည်ရယူခြင်းတို့ကို လက်တွေ့ပြသ



ဒိုက်ဦး ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာရှိ ဦးအောင်မြင့်၏ စိန်သရဖူဆန်စက်ဝင်းအတွင်း၌ ဇွန်လ ၁၂ ရက်နံနက်ပိုင်းတွင် ဘိုင်အိုချာစပါးခွံမီးသွေးပြုလုပ်ခြင်းနှင့် စပါးခွံပေါင်းခံရည်ရယူခြင်းတို့ကို လက်တွေ့ပြုလုပ်ပြသခြင်းနှင့်သုံးစွဲခြင်း၏အကျိုးကျေးဇူးများကို အကျယ်တဝင့်ပညာပေးဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ သဲဆန်ကုန်းကြောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများ၊ ဝန်ထမ်းများနှင့်တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်သိန်းနိုင်က ဘိုင်အိုချာစပါးခွံမီးသွေးပြုလုပ်ခြင်းနှင့် စပါးခွံပေါင်းခံရည်ရယူခြင်းတို့ကို လက်တွေ့ပြုလုပ်ပြသခြင်းနှင့် သုံးစွဲခြင်း၏အကျိုးကျေးဇူးများကို အကျယ်တဝင့်ပညာပေးဆွေးနွေးပြီး တက်ရောက်လာကြသည့် ဒေသခံတောင်သူများက သိလိုသည်များမေးမြန်းရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။ (၄၁၀)

မြန်မာနိုင်ငံကြက်ခြေနီအသင်း တိုင်းဒေသကြီးလူငယ်ကြက်ခြေနီဖိုရမ်ဖွင့်ပွဲကျင်းပ



မန္တလေး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ရှိ ရတနာပုံခန်းမဆောင်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း တိုင်းဒေသကြီးလူငယ်ကြက်ခြေနီဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က လူငယ်ကြက်ခြေနီဖိုရမ်ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ICRC မန္တလေးရုံးမှ Head Of delegation Mr. Ross နှင့် IFRC မန္တလေးရုံးမှ Head Of delegation Dr. Soe Htet တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ တိုင်းဒေသကြီးလူငယ်ကြက်ခြေနီဖိုရမ်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကြက်ခြေနီလူငယ်မောင်မယ်များ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေမောင်(ချမ်း/စံ)

မော်လမြိုင်ကျွန်းမြို့နယ်၌ စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူများသို့ သွင်းအားစုပေးအပ်

မော်လမြိုင်ကျွန်း ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ ဘက်စုံသုံးခန်းမ၌ စုပေါင်းလယ်ယာဆောင်ရွက်လျက်ရှိသော တောင်သူများသို့ သွင်းအားစုများပေးအပ်ပွဲ အခမ်းအနားကို ဇွန်လ ၁၂ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စုပေါင်းလယ်ယာစနစ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူအောင်က စုပေါင်းလယ်ယာဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ၊ တောင်သူများအား ပံ့ပိုးပေးမည့်အစီအစဉ်များနှင့် သွင်းအားစုများပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးတို့က စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူ ၁၇ ဦး၏ စိုက်ဧက ၂၀၀ အတွက် သွင်းအားစုများပေးအပ်ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ။

သစ်ပင်စိုက်ပွဲတော်

- အနောက်တောင်က မိုးသားမြူး
  မုတ်သုံ လေချိုဖြူး။
- ဝသန်ဦးမှာ ပျော်စရာ
  ရွှေမိုး ငွေမိုးရွာ။
  ရွှေမိုးရွာလို့ စည်သာဖွေး
  ငွေမိုးရွာလို့ ပြည်ရွာမွှေး
  စိမ်းလန်း စိုပြည်အေး။
- စိုပြည်အေးလို့ စိမ်းလန်းနေ
  ငါတို့ မြန်မာ့မြေ။
  စည်ဖြာဝေဖို့ တို့ကြိုးစား
  ကြည်သာစေဖို့ တို့နိုးကြား
  စိုက်စို့ ပျိုးစို့လား။
- ပျော်ပျော်ပါးပါး အားသစ်လွှင်
  လယ်ယာ လုပ်ငန်းခွင်။
  သီးနှံပင်တို့ မြေဆီကျွေး
  ကြီးသန်ရှင်ဖို့ ရေကြည်ပေး
  အထွက်တိုးတယ်လေး။
- အထွက်တိုးရေး အခြေခံ
  ရာသီ ဥတုမှန်။
  မှန်လေးမှန်နဲ့ ပြုစုပေး
  ကြံတွေးဉာဏ်ချဲ့ ဥတုမရွေး
  မိုးမှန် လေမှန်ရေး။
- မိုးပေးလေပေး မှန်ဖို့ရာ
  အသိ ဉာဏ်ဖွင့်ပါ။
  လေပြည်ဖြူးကာ စိမ်းလန်းလို့
  ဝေစည်မြူးကာ ငြိမ်းချမ်းဖို့
  သစ်ပင် စိုက်ကြစို့။
- မောင်တို့မယ်တို့ တို့တစ်တွေ
  သစ်ပင်စိုက်စို့လေ။
  ရေရှည်မျှော်ပြီး အောင်ခရီး
  ရွှေပြည်တော်ကြီး အောင်စည်တီး
  သစ်ပင်စိုက်ပွဲကြီး။ ။

ရေနံ့သာမောင်ကျော်ညွှန့်

မြစ်သားမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



မြစ်သား ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနမှ ကြီးမှူးဖြစ် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၃ ရက်တွင် မြစ်သားမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်နှင့်ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းဝင်းအတွင်းရှိ မြေကွက်လပ်၌ ဖျောက်ဆိပ်ပင် ၁၅၀၊ သဘော်ကုက္ကိုပင် ၁၅၀၊ ယူကလစ်ပင် ၈၀၊ မဲဇလီပင် ၅၀၊ ရင်းမာပင် ၅၀၊ မဟော်ဂနီပင် ၂၀၊ ပိတောက်ပင် ၂၀ နှင့် ခရေပင် ၂၀ စုစုပေါင်းပျိုးပင် ၅၄၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

မြစ်သားမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနအနေဖြင့် ဒေသခံပြည်သူများ သစ်တောသစ်ပင်များ၏ တန်ဖိုးကို သိရှိနားလည်နိုင်စေရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ ရာသီဥတုကောင်းမွန်မှုတစေရန်၊ အရိပ်အာဝါသနှင့် မျက်စိပသာဒအကျိုးများရရှိစေရန်၊ အပူဒဏ်ကာကွယ်နိုင်စေရန် နှစ်စဉ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စုပေါင်းပြီး သစ်ပင်စိုက်ပျိုးပွဲများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

ဘိုကလေးမြို့နယ်၌ ကျောင်းစာကြည့်တိုက်စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေး



ဘိုကလေး ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပညာရေးမှူးရုံးခန်းမ၌ ဇွန်လ ၁၃ ရက်တွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့် ကျောင်းစာကြည့်တိုက်စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်ပညာရေးမှူး ဦးနန်းထိုက်ကျော်နှင့်ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့်ဝန်ထမ်းများ၊ ဘိုကလေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ စာကြည့်တိုက်တာဝန်ခံ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးနန်းထိုက်ကျော်က စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ကြသည့် ဆရာ၊ ဆရာမများအနေဖြင့် ဆွေးနွေးပွဲမှ သိမြင်နားလည်ခဲ့သည်များကို လုပ်ငန်းခွင်စာကြည့်တိုက်များတွင် ထိရောက်စွာ ပြန်လည်အသုံးချကြရန် အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့် ဒုတိယဦးစီးမှူး ဒေါ်ယဉ်မင်းဝင်းတို့က ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများ၊ ကျောင်းစာကြည့်တိုက်စီမံခန့်ခွဲမှုလမ်းညွှန်စာအုပ်ပါအကြောင်းအရာများမှ စာအုပ်များတိုက်ပိုင်ရေးသွင်းနည်း၊ မျိုးတူစုခွဲနည်း၊ စာအုပ်ထားသိုနည်းများကို အကျယ်တဝင့် ဆွေးနွေးပို့ချကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ပို့ချဆွေးနွေးပေးကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများအား SOP အတိုင်း ကောက်ခံစစ်ဆေးမည်

ရန်ကုန် ဇွန် ၁၃

ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများအား ဒေသအစားအစာထုတ်လုပ်ခြင်းအတွက် အန္တရာယ်အခြေခံစစ်ဆေးခြင်းနှင့်အသိအမှတ်ပြုခြင်းစနစ် (SOP) အတိုင်း ကောက်ခံစစ်ဆေးခြင်းကို ဇွန်လ ၁၅ ရက်မှစ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ဒေသအစားအစာ ထုတ်လုပ်ခြင်းအတွက် အန္တရာယ်အခြေခံစစ်ဆေးခြင်းနဲ့ အသိအမှတ်ပြုခြင်းစနစ် (SOP) အတိုင်း ဘေးအန္တရာယ်ဖြစ်နိုင်ခြေအရ နမူနာကောက်ယူစစ်ဆေးခြင်းကို ဇွန်လ ၁၅ ရက်ကစပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း အသိပေးထားပါတယ်"ဟု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

ပြည်တွင်းအစားအသောက်လုပ်ငန်းများအတွက် E-Submission မှတစ်ဆင့် အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လျှောက်ထားခြင်းဆိုင်ရာ SOP အတိုင်း လုပ်ဆောင်ပေးမည်ဖြစ်သည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် E-Submission စနစ်အသုံးပြုသူများ စနစ်အတွင်းသို့ ဝင်ရောက်ရာတွင် လုံခြုံမှုရှိစေရေးအတွက် ဇွန်လမှစတင်၍ စနစ်အား နှစ်ဆင့်ခံပြီး ဝင်ရောက်ခြင်းကို ဆောင်ရွက်ထားကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လုပ်ငန်းသစ်များနှင့် သက်တမ်းတိုးလျှောက်ထားလာသောလုပ်ငန်းများကို ညွှန်ကြားချက်အရ ပြည်တွင်းအစားအသောက် ထုတ်လုပ်ခြင်း ထောက်ခံချက်များ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဖြူဖြူ

တာမွေမြို့နယ်၌ ရှေးဦးပြုစုခြင်းဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုနှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၂ ရက်က မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က ဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှ တိုင်းဒေသကြီး ဦးစီးမှူး (ဒုတိယတန်း)ဦးအောင်မိုးထွန်းက ကြက်ခြေနီ၏အဓိပ္ပာယ်၊ ကြက်ခြေနီအသင်းပေါ်ပေါက်လာပုံ၊ ကြက်ခြေနီနှင့် ရှေးဦးပြုစုခြင်းဆိုင်ရာလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်း၏အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်၊ လူနာများအား ဆေးရုံမရောက်မီ သက်သာမှုရရှိစေရန်နှင့် အသက်ဆုံးရှုံးမှုမှ ကင်းဝေးစေရန် ရှေးဦးပြုစုခြင်းအား စနစ်တကျအသုံးပြုနည်းများကို အသေးစိတ် အသိပညာပေးရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက ရှေးဦးပြုစုခြင်းဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အသိပညာပေးဟောပြောဆွေးနွေးသည့် သက်ဆိုင်ရာတာဝန်ရှိသူအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုအနေဖြင့် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်နှင့်အညီ ရပ်ရွာအခြေပြုသင်တန်း တက်ရောက်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မူးယစ်ဆေးဖြတ်သင်တန်းသားများအား စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့် အသိဉာဏ်ပညာ ဗဟုသုတများ တိုးပွားစေရန်ရည်ရွယ်၍ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထက်တံခွန်(ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲကို ဇွန်လ ၁၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စံထွန်းက ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်ဌာပဒေအရာရှိ ဒေါ်သင်းထက်စံက ကလေးအလုပ်သမားပပျောက်ရေးအကြောင်းအရာများနှင့် ထန်းတပင်မြို့မရဲစခန်း ဒုတိယရဲမှူး အောင်နိုင်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စံထွန်းက စာအုပ်စာစောင်များ ဖတ်ရှုလေ့လာခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး ဉာဏ်စမ်းပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များပေးအပ်သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

(၃၈) ဖြာမင်္ဂလာ

ဘေးရန်ကင်းပါစေ (ခေမံ)

ကိုဇော်ဌေး(ယဉ်ကျေးမှု)



သည်နေ့ တနင်္ဂနွေနေ့ဖြစ်သလို လွတ်လပ်ရေးနေ့လည်းဖြစ်သည်။

မနေ့ကတည်းက ရွာသန့်ရှင်းရေး စုပေါင်းပြုလုပ်ခဲ့ကြသည်။ ပျက်စီးနေသော ခြံစည်းရိုးများကိုပြုပြင်ပြီး ခြင်ခိုအောင်းနှိုင်သော ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းကြသည်။ ချိုင့်ဝှမ်း၊ မြေခွက်များကိုဖို့ကြသည်။ မနေ့က မပြီးဆုံးသေးသော လုပ်ငန်းများကို ယနေ့ ဆက်လုပ်ကြသည်။

စိုးသူ ဖေဖေနှင့်မေမေက လုပ်အားပေးများကို ထမင်းကြော်နှင့် ပဲပြုတ်ဆီဆမ်းကျွေးသည်။ ဦးလှက လက်ဖက်ရည်အချိုတိုက်သည်။

ရွာကလေးသည် ပြက္ခဒိန်နှစ်တစ်နှစ်၏ နှစ်သစ်မှာ ပျိုမျစ်လာပြီး ထုံးဖြူသုတ်ထားသော ခြံစည်းရိုးတိုင်ကလေးများနှင့် ချစ်စဖွယ်ဖြစ်လာခဲ့သည်။

“ကိုခန့်ရေ - ကိုလှရော ဒီမှာလာ ခဏနားပါဦးဗျာ၊ ရေနွေးကြမ်းသောက်”

စိုးသူဖေဖေက လှမ်းခေါ်ရင်း ရွာလူကြီး ဦးခန့်နှင့် ဦးလှတို့အတွက် ရေနွေးကြမ်းငှဲ့ပေးလိုက်သည်။ ပြီးတော့ အနားမှာရှိသည့် အိတ်ဆောင်ရေဒီယိုလေးကို လှမ်းယူလိုက်သည်။

“ဘာသတင်းများ ထူးမှာမို့လဲ”

ဦးလှက ဖေဖေ့ကိုမေးသည်။

“ဒီနေ့လွတ်လပ်ရေးနေ့လေဗျာ၊ နိုင်ငံတော်က ဘွဲ့ထူး၊ ဂုဏ်ထူးတွေချီးမြှင့်ပေးအပ်တာ၊ ရေဒီယိုကကြေညာပေးမှာပေါ့”

ဖေဖေက ရေဒီယိုဖွင့်လိုက်သည်။

“စီမံထူးချွန် ဒုတိယအဆင့် ဦးသီဟဇော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်...၊ ဦးစီးဌာန”

“ဟာ...၊ ဒါတို့ရွာသား သီဟဇော်မဟုတ်လား”

ဦးလှက ဝမ်းသာအားရ စကားဆိုသည်။

“ဟုတ်တယ်ကွ သူပဲ” ဟု ဖေဖေကလည်း ထောက်ခံစကားဆိုသည်။

ရွာသားများက ခြံစည်းရိုးတိုင်များကို ထုံးသုတ်နေကြသည်။ မီးဘေးလုံခြုံရေးအတွက် မီးကပ်များကို အိမ်များ၌ထောင်ထားနိုင်ရန် ပြုလုပ်ပေးသလို ရေအိတ်၊ သဲအိတ်များကိုပါ ချိတ်ဆွဲပေးကြသည်။

“ဟာ ကိုဝင်းပလည်း စီမံထူးချွန် တတိယအဆင့်ရတယ်”

စိုးသူဖေဖေက ဝမ်းသာအားရ ထအော်သည်။ ဦးခန့်ကတော့ သူညီအတွက် ဂုဏ်ယူနေသည်။

“မှော်ဇာရွာက ညွှန်ကြားရေးမှူးတွေ၊ ဗိုလ်မှူးကြီးတွေလည်း ထွက်တယ်၊ ကွန်ပျူတာပညာရှင်တွေလည်း ပေါ်ထွန်းလာပြီ၊ တို့ကျေးရွာအုပ်စုက သမိုင်းထဲက သရေခေတ္တရာအတိုင်းပဲ၊ ဖွံ့ဖြိုးစည်ပင်လာပြီ”

ဦးလှက အားရဝမ်းသာစကားဆိုသည်။

“စီးပွားရေးလည်း အထိုက်အလျောက် ဖြစ်ထွန်းလာတော့ ဒီနှစ်ဆိုရင် မောင်အေးနဲ့ ရွာဖျားက ဒေါ်ဝမ်းပုံတို့က ရှင်ပြုအလှူပွဲတွေ ပြုလုပ်ဖို့ တာစူနေကြပြီလေ”

စိုးသူဖေဖေက ဝမ်းသာစကားဆိုသည်။

“ဒါတင်ဟုတ်လို့လား၊ ကျုပ်တို့လို အရက်သမား၊ ကစော်သမားတွေလည်း ရပ်ရွာလုံခြုံရေးကင်းစောင့်တာတို့၊ သာရေးနာရေးတို့မှာ ဝင်ပါလာကြပြီလေ”

အမူးသမားဦးကျော်ကြီးက ချွေးသိပ်ရင်းနှင့် ဝင်ပြောလာသည်။

“ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့မှော်ဇာအုပ်စုကြီးတစ်ခုလုံး ခေမံ - ဘေးရန်မရှိအေးချမ်းခြင်းအတိဖြစ်လာတာဟာ ကျုပ်တို့ရဲ့ စုပေါင်းအားကြောင့်ပေါ့ဗျာ”

ရွာလူကြီးဦးခန့်က လက်ဖက်ရည်သောက်ရင်း ကျေနပ်စကားဆိုသည်။ ထို့ပြင် စိုးသူတို့ကိုလည်း လက်ညှိုးထိုးကာ

“ကြည့်စမ်း၊ ဟိုမှာ စိုးသူတို့ လှတိုးတို့လို မျိုးဆက်သစ်ရဲ့ အရင်းအမြစ်တွေကလည်း တို့ရွာလေးရဲ့ အင်အားသစ်တွေမဟုတ်လား၊ အေးချမ်းမှု၊ ဘေးကင်းမှုတို့ကို သူတို့ကပဲ ဆက်လက်ဆောင်ရွက်ကြရမှာ” ဟု ပြောလာသည်။

ရွာလူကြီး ဦးခန့်၏စကားကြောင့် စိုးသူတို့ ဘဝင်မြင့်ချင်သလိုပင် ဖြစ်သွားသည်။ မှော်ဇာရွာကြီး ဘေးရန်မရှိ ပကတိအေးချမ်းမှု ရှိစေရန်အတွက် စိုးသူတို့ ဆက်လက်တာဝန်ထမ်းဆောင်သွားကြပါတော့မည်။ ။

ဆိုရိုးစကား အလေးထား

ကျန်းမာခြင်းသည် လာဘ်တစ်ပါး

ကျန်းမာခြင်းဟူသည် လူသားများအတွက် လာဘ်လာဘကြီးတစ်ပါးပင်ဖြစ်သည်။

အာရောဂျ ပရမံ လာဘံ - နှင့် အတူတူ။

“**ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး**ဖြစ်သည်ဟု အဆိုရှိသော်လည်း ကျန်းမာခြင်း၏ အရသာကို ပြည့်ပြည့်ဝဝ နားလည်သဘောပေါက်သူ ရှာမှရှားလိမ့်မည်ဟုထင်ပါသည်။” [၁၃၆၀] လွတ်ထိန်း၊ အမှာ။ က။

ခြကို ပုံတု ပမာပြု

ပညာဆည်းပူးခြင်း၊ ဥစ္စာဆည်းပူးခြင်း စသည့် တရွေ့ရွေ့ဆည်းပူးရသည့်ကိစ္စ၌ ခြတောင်ပို့ တည်ပုံကို ဥပမာပြုရသည်။

“**ခြပုန်းတောင်ပို့၊ ဖို့သည့်ခြင်းရာ**၊ လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ၊ တတ်လှ စေလော့၊” [၈၆၅] လောသာ * ၁၈။

“ကြီးခိုင်လုံလ၊ ဥသာဟဖြင့်၊ **ခြနှင့်ပုံထား**၊ ပျားနှင့်ပုံထောက်၊ ရေပေါက် နည်းယူ”၊ [၁၁၅၅] ဥတိန် * ၁၃။

“ဓနဥစ္စာ၊ ပညာကုသိုလ်၊ ပွားစလိုက၊ **ခြကိုပုံထား**၊ ပျားကိုပုံပြု၊ ရရာစုလော့၊” [၁၂၆၆] မဃ * ၃၂၁။

တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား

ရရှိသည့်ဝင်ငွေမှ ထက်ဝက်ခွဲ၍ လှူဒါန်းလေ့ရှိသော ရှမ်းတောင်သူတို့၏ သဒ္ဓါတရားမျိုး အခြားသူတို့၌ ရှိနိုင်မည်မဟုတ်ပေ။

“**တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား**။” [၁၃၀၃] သာ၊ ပ။ ၂။

“**တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ မိုနိုင်ရိုးလား** ဟူသော အဆိုကဲ့သို့ပင် လှူဖို့တန်းဖို့ကိုသာ အာရုံပြုနေကြသူများဖြစ်၏။” [၁၃၄၀] မြဝတီ၊ ၂၆၊ ၄။ ၇၉။

နယုန်မိုးသေး မြက်သားမွေး

နယုန်လတွင် မိုးသေးမိုးဖွဲရွာကာ မြက်နုကလေးများ ထွက်လာသည်။

နယုန်မိုးသေး မြက်သားမွေး။ ။ “နယုန်လအတွင်း မိုးပေါက်ငယ်ငယ်ရွာသည့်အတွက် မြက်ပင်ကလေးများ ပေါက်ပွားကြဆဲဆိုလိုသည်။” [၁၂၈၅] ချုပ်ပုံ၊ ဒု။ ၁၃၅။

“**နယုန်မိုးသေး မြက်သားမွေး**ဆိုသော စကားအတိုင်း တိမ်လိပ်တိမ်ခဲများမှ မိုးသေးမိုးဖွဲကလေးများ တစ်ပြိုက်နှစ်ပြိုက်ကျလျက် မြက်ခင်းစိမ်းလဲ့လဲ့ ကလေးများ မြင်ရစပြုလျှင်ပင်..၊” [၁၃၀၃] ဘဝ။ ၁၉၇။

ပညာရဲရင့် ပွဲလယ်တင့်

ပညာကို ကျွမ်းကျင်စွာ တတ်မြောက်သောသူသည် ပရိသတ်အလယ်တွင် ရဲရဲရင့်ရင့် ပြောဆိုပုံ၌ တင့်တယ်သည်။

“ပထမရွယ်၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမူ တောသားရန်အောင်၊ ခြသေ့ယောင်သို့၊ မရှောင်မည့်၊ တင်းတင်းမာ၍၊ **ပညာရဲရင့် ပွဲလယ်တင့်**လိမ့်၊” [၈၈၅] ကိုး * ၂၇။

“မိဘများသည် ရင်နှစ်သည်းချာဖြစ်သော သားသမီးရတနာတို့အား **ပညာရဲရင့် ပွဲလယ်တင့်**ကြပါစေတော့ဟု သဘောထားကာ မိဝတ္တရား၊ ဖဝတ္တရား ကျေပွန်စွာ ကျောင်းသို့ ပို့ခြင်းဖြစ်သည်။” [၁၃၁၆] စာဗိမာန်၊ ၃၊ ၁။ ၃၆။

မြန်မာအစ တကောင်းက

မြန်မာတို့သည်တကောင်းဒေသမှစတင်၍ မြို့ပြနိုင်ငံထူထောင်ခဲ့သည်။

“အာဒိစ္စဝံသသာကိယအနွယ်တော်လျှင် အမွှန်ရှိသော မြန်မာမင်းတို့၏ တည်ရင်းအစ ပထမဖြစ်သော တကောင်းပြည်ကြီးကို အစမူသဖြင့် . . . ၊” [၁၁၉၁] မှန်၊ ပ။ ၁၅၃။

“**မြန်မာအစ တကောင်းက**ဟု ပြောဆိုကြခြင်းမှာ မှန်နန်းမဟာရာဇဝင်တော်ကြီးအရ . . . အဘိရာဇာမည်သော သကျသာကီဝင်မင်းသည် . . တကောင်းပြည်ကြီးကို တည်ထောင်စံနေတော်မူ၏ဟု . . . ၊” [၁၃၂၃] ပုဂံဟော။ ၃၉။

မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေသည့် “မြန်မာဆိုရိုးစကား” စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

မြန်မာ့ရိုးရာ ကစားနည်းများ

လိပ်ဥဂုဏ်တမ်း ကစားနည်း

မြန့်စာဂုဏ်မြဲသင်း

လိပ်ဥဂုဏ်တမ်းကစားနည်းကို မြန်မာကလေးငယ်များ နှစ်သက်စွာ ဆော့ကစားကြသည်။ ထိုကစားနည်းတွင် ကစားသူများက မြေကြီးပေါ်တွင် စည်းဝိုင်းကြီးတစ်ဝိုင်းကို တုတ်တစ်ချောင်းဖြင့် ခြစ်လိုက်ပြီးသော် နောက်ထပ်တစ်ဖန် အလယ်တွင် စည်းဝိုင်းအသေးတစ်ခုကို ထပ်မံ၍ ဆွဲရသည်။

ထိုစည်းဝိုင်းကလေးအတွင်း၌ ခဲလုံးလေးငါးလုံးခန့်ကို လိပ်ဥများအဖြစ်ထားပြီးလျှင် လိပ်အဖြစ်နှင့် ကစားသူက ဆောင့်ကြောင့်ထိုင်၍ သူ၏ခြေနှစ်ဖက်ကြားတွင် ထိုခဲလုံးများကို ထားရလေသည်။ ပြီးလျှင် ကျန်ကစားသူများက စည်းဝိုင်းကြီးအပြင်တွင် ဝိုင်း၍ရပ်နေကြပြီး “လိပ်ထီးလား...လိပ်မလား” ဟု မေးကြလေသည်။ “လိပ်မ” ဟုဖြေမိလျှင် ကစားသူများက လိပ်ဥများကိုလုကြရသည်။ လိပ်မလုပ်သူသည် သူ၏ခြေထောက်များဖြင့်သာ လိပ်ဥများကို ကာကွယ်ရလေသည်။ လက်များကို အသုံးမပြုရပေ။ “လိပ်ထီး” ဟု ဖြေမိလျှင်မူ လိပ်ဥများကို ကာကွယ်ရန် သူ၏လက်များကို အသုံးပြုနိုင်ပြီး ခြေထောက်များကို အသုံးမပြုနိုင်ပေ။

အခြားကစားသူများက စည်းဝိုင်းအပြင်မှနေ၍ “လုကြဟေ့” ဟု တစ်ယောက်က အော်လိုက်သည်နှင့်တစ်ပြိုင်နက် လိပ်ဥအဖြစ်ထားသော ခဲလုံးများကို စည်း၏ပြင်ပမှနေ၍ ကစားသူများက လုကြလေသည်။ ထိုသို့လုနေကြစဉ်နှင့် လိပ်ဥများရှိနေစဉ်၌ ကစားသူတစ်ယောက်ယောက်ကို လိပ်လုပ်သူ၏ ခြေထောက်နှင့်ဖြစ်စေ၊ လက်နှင့်ဖြစ်စေ ထိမိလျှင် အထိခံရသူက လိပ်အဖြစ်အလှည့်ပြောင်း၍ ကစားပွဲပြန်စရသည်။

အကယ်၍ လိပ်ဥများအားလုံးကို လုယူနိုင်ခဲ့လျှင် လိပ်လုပ်သူက မတ်တတ်ရပ်လိုက်ရသည်။ ထိုအခါ ကစားသူများအနက် တစ်ယောက်ယောက်က လိပ်လုပ်သူ၏ မျက်စိများကိုမမြင်စေရန် အဝတ်တစ်ခုခုနှင့် ပတ်၍ ချည်ပေးလိုက်သည်။ သို့ရှိနေစဉ် ကျန်တစ်ယောက်ယောက်က လိပ်ဥများကို အနီးအနားရှိ တစ်နေရာရာတွင် ဝှက်ထားပေးရသည်။ ပြီးသောအခါ မျက်စိများတွင် စည်းထားသော အဝတ်ကိုဖယ်ရှားလိုက်၍ လိပ်လုပ်သူအား ဝိုင်းလိုက်ကြပြီး လက်ခုပ်များတီး၍ဖြစ်စေ၊ ကခုန်၍ဖြစ်စေ “လိပ်ဥပျောက်လို့ လိပ်မရှာ၊ သူ့ခမျာ ငိုမဲ့ငိုမဲ့” ဟုဆိုကာ နောက်ပြောင်ကြလေသည်။

လိပ်လုပ်သူကလည်း လိပ်ဥများကို ဝှက်ထားမည်ဟုထင်ရသော နေရာများတွင် လိုက်လံရှာဖွေလေသည်။ လိပ်ဥများကို ပြန်တွေ့လျှင် လိပ်လုပ်သူက “တွေ့ပြီ...ဒီမှာ၊ စည်းဝိုင်းထဲကိုဝင်” ဟု အော်ပြောရသည်။ ထိုအခါ ကစားသူများသည် စည်းဝိုင်းအတွင်းဝင်ပြီး တစ်ယောက်လက်ကို တစ်ယောက်ကကိုင်ကာ ဝိုင်း၍မတ်တတ်ရပ်နေကြရသည်။ စည်းဝိုင်း၏အပြင်ရှိ လိပ်လုပ်သူက လိပ်ဥများကို လက်တစ်ဖက်တွင်ကိုင်၍ ကျန်လက်တစ်ဖက်ဖြင့် စည်းဝိုင်းအတွင်းရှိ ကစားသူတစ်ယောက်ယောက်၏ခြေထောက်များ အပြင်ရောက်သည်အထိ ဆွဲထုတ်ရလေသည်။ စည်းဝိုင်းအတွင်းရှိ ကစားသူများကလည်း သူတို့လူအပြင်သို့ပါမသွားစေရန် ဝိုင်း၍ ဆွဲထားကြလေသည်။ သို့သော် တစ်ယောက်ယောက်လဲသွားလျှင် အဆွဲခံရသူသည် စည်းဝိုင်းအပြင်သို့ ပါသွားလေ့ရှိသည်။

ထိုအခါ လိပ်လုပ်သူက “ဆွဲထုတ်မိပြီ... သူ့ကို” ဟု အော်ပြောသော အခါ အခြားကစားသူများက “ခဲလုံးနှင့်တို့” ဟူ၍ ပြန်အော်ကြရသည်။ အဆွဲခံရသူအား ခဲလုံးနှင့်ပခုံးတွင်ဖြစ်စေ၊ ကျောတွင်ဖြစ်စေ တို့လိုက်ရသည်။ စည်းဝိုင်းအပြင်သို့ ခြေထောက်များရောက်သွားသူသည် နောက်တစ်လှည့်ကစားသောအခါတွင် လိပ်လုပ်ရလေသည်။

ကစားပွဲတွင် ပထမဆုံးလိပ်လုပ်မည့်သူ မပေါ်ပေါက်ပါက မြေကြီးကို ခဲလုံးများဖြင့် အချက်ကျကျရိုက်ကာ “လိပ်ဥပျောက်လို့ လိပ်မရှာ၊ သူ့ခမျာ ငိုမဲ့...ငိုမဲ့” ဟူ၍ သံပြိုင်ဆိုခြင်းအားဖြင့် အသံနောက်ကျနေသူအား ပထမဆုံး လိပ်အဖြစ်ဆောင်ရွက်စေပြီး ကစားပွဲကို စတင်နိုင်လေသည်။ ။

ကြီးမြတ်သောနှလုံးသားတို့၏ အသီးအပွင့်များ

ပြည်စုံးညိမ်း

အတ္ထဟိတသည် မိမိအကျိုးကိုရှေးရှု၍ ပရဟိတသည် အများအကျိုးကိုရှေးရှုခြင်းဖြစ်သည်။ အများစုသောလူတို့မှာ အတ္ထဟိတဖြင့်သာ အချိန်ကုန်ဆုံးရသည်ဖြစ်၍ အနည်းစုသော လူတို့မှာသာ ပရဟိတဘက်သို့ ကူးပြောင်းဆောင်ရွက်နိုင်ကြသည်။ ထို့ထက်ပို၍ကား လောကဟိတဟုဆိုအပ်သည့် လောကအကျိုးကိုမူ ထူးခြားပြောင်မြောက်သည့် အနည်းငယ်မျှသော လူတို့သာလျှင် စွမ်းဆောင်နိုင်ကြလေသည်။

နိုင်ငံတော်သမ္မတကြီးသည် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်များကို စတင်ထမ်းဆောင်ချိန်မှသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ်လည်းကောင်း အဆင့်ဆင့်သောတာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးကိုရှေးရှု၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်များအနက်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတစ်ဝန်းစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်အဟုန်မပျက် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးသည်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ်မှာပင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ခဲ့သည်။ အကြောင်းမှာ ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်များမြင့်တက်လာသောကြောင့်ဟုဆိုရပါမည်။ ထို့ကြောင့်ပင် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် လူသားတို့၏အပြုအမူများကြောင့် သဘာဝသစ်တောများပြုန်းတီးမှုကိုလျှော့ချနိုင်ရန်၊ သစ်တောများရေရှည်တည်တံ့အောင် ထိန်းသိမ်းသည့်အသိပညာကို လူသားတိုင်း သိရှိရန်၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းကို ယခုထက်ပို၍ အရှိန်မြှင့်ဆောင်ရွက်သွားရန်၊ သဘာဝသစ်တောများကို နိုင်ငံအလိုက်၊ ဒေသတွင်းအလိုက်၊ နိုင်ငံတကာအဆင့်အလိုက် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆိုသည့်ရည်ရွယ်ချက်များနှင့် နိုင်ငံတကာသစ်တောများနှစ်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုနှစ်မှာပင် နိုင်ငံတော်အကြီးအကဲသည် သစ်ပင်စိုက်ပျိုးပွဲများကို အင်တိုက်အားတိုက် ဦးဆောင်မှုပြု၍ ဆောင်ရွက်ခဲ့များစွာ ကြာမြင့်သော်လည်း သစ်ပင်တစ်ပင်ခုတ်လှဲချိန်မှာ နာရီပိုင်း၊ မိနစ်ပိုင်းမျှသာဖြစ်သည်။ သဘာဝအလျောက်၊ အချိန်အခါအလျောက် ထုတ်လုပ်ပေးနိုင်သည့်ပမာဏထက်စနစ်မကျသည့်ထုတ်ယူခြင်း၊ အလွန်အကျွံထုတ်ယူခြင်းများပြုလုပ်ပါက ထုတ်လုပ်နိုင်စွမ်းနှင့် ထုတ်ယူသုံးစွဲမှုမမျှမတဖြစ်ကာ ဟန်ချက်မညီမျှတော့ဘဲ တောအဆင့်အတန်းနိမ့်ကျလာခြင်း၊ တောပြုန်းတီးခြင်းများ မလွဲမသွေဖြစ်ပေါ်လာပါလိမ့်သည်။ ထိုအခါ ဆင့်ကဲပေါ်ပေါက်လာသည့် အကျိုးဆက်များနှင့် နောက်ဆက်တွဲ ဆိုးကျိုးများကလည်း ထက်ကြပ်လိုက်ပါလာမည်ဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ **ကမ္ဘာ့သစ်တောသယံဇာတဆန်းစစ်လေ့လာခြင်း** (Global Forest Resources Assessment-GFRA) ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏ နှစ်အလိုက် သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံ့ဖုံးလွှမ်းမှုအခြေအနေမှာ ကောင်းမွန်ပြီး အဖိုးတန်သစ်နှင့်သစ်တောထွက်ပစ္စည်းများပြားစွာတည်ရှိရာမှ တဖြည်းဖြည်း သစ်တောဖုံးလွှမ်းမှုဧရိယာ လျော့ကျလာခဲ့ရခြင်းဖြစ်သည်။ GFRA ဆန်းစစ်ချက်များအရ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း သစ်တောဖုံးလွှမ်းမှု ၁၁ ရာခိုင်နှုန်းကျော်လျော့ကျပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းမြင့်မားလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရ၏။



နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော်စုစုပေါင်း ၄၄ ကြိမ် ပြုလုပ်၍ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ အင်ကြင်း၊ မဟော်ဂနီ အစရှိသော ရတနာတန်းဝင်အပင်များ၊ လက်ဖက်၊ ရော်ဘာ၊ ဆီအုန်း၊ မန်ကျည်း၊ သီဟိုဠ်၊ ကွဲကော အစရှိသော နှစ်ရှည်သီးနှံပင်များနှင့် ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ တမာ၊ စံကားဝါ၊ ပနားမားငု၊ စိန်ပန်း၊ ဗာဒံ၊ မန်ဂျန်ရှား၊ ခါတော်မီ၊ စွယ်တော်၊ လင်းလွန်း အစရှိသော အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ တပ်မတော်တစ်ရပ်လုံး အတိုင်းအတာအားဖြင့်ဆိုလျှင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ရတနာတန်းဝင်၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်စားသုံးသီးနှံနှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၇၈၂၂၄ ပင်စိုက်ပျိုးနိုင်ခဲ့ပြီး ၁၃၄၅၀၀၃၇ ပင် ရှင်သန်ဖြစ်ထွန်းသဖြင့် ရှင်သန်ပင် ရာခိုင်နှုန်း ၆၄ ဒသမ ၇၂ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့အတူ နိုင်ငံတော်အကြီးအကဲဦးဆောင်သည့်ပြည်ထောင်စုအစိုးရအဖွဲ့၏ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲများကိုလည်း ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နှစ်စဉ်မပျက် ကျင်းပခဲ့သည်။ ၂၀၂၁ ခုနှစ် ဇွန်လ ၁၈ ရက်တွင် ဥတ္တရသီရိမြို့နယ်ဖိုးစောင်းတောင်(၃) ကြိုးဝိုင်းအကွက်အမှတ်(၁၇)၌ ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲမှသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးပရိဝုဏ်၏ တောင်ဘက် (နေပြည်တော်မြို့ပတ်လမ်းဘေး)၌ပြုလုပ်ထည့်သွင်းသစ်ပင်စိုက်ပျိုးပွဲအထိ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ပါဝင်၍ အကြိမ်အရေအတွက် အားဖြင့် စုစုပေါင်း ၁၅ ကြိမ်၊ ပျိုးပင်ပေါင်း ၃၀၈၈၇၇ ပင်ကို စိုက်ပျိုးနိုင်ခဲ့သည်။

ဤသို့ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို စဉ်ဆက်မပြတ်ကျင်းပခဲ့ရာ ဇွန်လ ၁၃ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၆ ခုနှစ်-မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်တက်ရောက်၍ မဟော်ဂနီပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့ပါသည်။ ထို့ပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဂေဟစနစ်ကောင်းမွန်မှုတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေးနှင့် ရာသီဥတုမျှတကောင်းမွန်စေရေးတို့အတွက် သစ်မျိုး ၁၆ မျိုး၊ အပင်ပေါင်း ၃၀၀၀ တို့ကို စိုက်ပျိုးပေးနိုင်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း သစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပပြီး သစ်မျိုးစုံအပင်ပေါင်း ၅၄၈၁၀ ပင်စိုက်ပျိုးနိုင်ခဲ့ပါသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲ၌ နိုင်ငံတော်သမ္မတကြီးက အမှာစကားပြောကြားစဉ် “ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့် အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့်လူတိုင်းလုပ်နိုင်သည့်အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း” ထည့်သွင်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုမှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များစိုက်ပျိုးလာနိုင်မှုမှာ နိုင်ငံသားတစ်ဦးချင်းစီ၏ သစ်တောသစ်ပင်များကိုချစ်ခင်မြတ်နိုးထိန်းသိမ်းတတ်လာသည့် အမြုတေစိတ်ဓာတ်များ ရှင်သန်ရင့်ကျက်လာခြင်း၏ အကျိုးရလဒ်များပင်ဖြစ်သည်။ ရရှိလာသော အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း၍ သစ်တောဖုံးလွှမ်းမှုလျော့နည်းမှုမရှိစေရေး ကြိုတင်တားဆီးကာကွယ်ရမည်ဖြစ်သလို အခြားတစ်ဖက်မှလည်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်။ မိမိတို့နိုင်ငံသည် ဒေသအလိုက်ရှင်သန်ဖြစ်ထွန်းအောင်မြင်သော သစ်တောသစ်ပင်မျိုးစုံရှိပြီး ထိုသစ်တောသစ်ပင်များမှာ ပြန်လည်ပြည့်ဖြိုးမြဲ သယံဇာတအရင်းအမြစ်များ (Renewable Resources) ပင်ဖြစ် . . .

ရတနာတန်းဝင်၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်စားသုံးသီးနှံနှင့် အရိပ်ရလေကာပင်စုစုပေါင်း ၁၇၈၆၇၈၈ ပင်စိုက်ပျိုးနိုင်သည်အထိ ဦးဆောင်လမ်းညွှန်မှုပေးနိုင်ခဲ့သည်။ ထို ၂၀၁၁ ခုနှစ်မှာ သစ်တောသစ်ပင်များနှင့်ပတ်သက်၍ ထူးခြားသောနှစ်တစ်နှစ်လည်းဖြစ်သည်။ ၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာသစ်တောများနှစ်အဖြစ် သည်မှာ သာမန်တိုက်ဆိုင်မှုတစ်ခုထက်ပိုသော အမြော်အမြင်ကြီးမားမှုဟုဆိုရပါမည်။

မှန်ပါသည်။ သစ်တောသစ်ပင်များဆိုသည်မှာ စက်ရုံတည်ဆောက်၍ အလိုရှိသလောက် ထုတ်ယူရရှိနိုင်သည့် ပစ္စည်းမျိုးမဟုတ်ပါ။ သစ်ပင်တစ်ပင် ရှင်သန်ကြီးထွားတည်တံ့ရန် နှစ်ကာလ ဧရိယာ၏ ၅၇ ဒသမ ၉၇ ရာခိုင်နှုန်း (၁၉၉၀ ပြည့်နှစ်)၊ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း (၂၀၀၀ ပြည့်နှစ်)၊ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း (၂၀၁၀ ပြည့်နှစ်)၊ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း (၂၀၁၅ ခုနှစ်)၊ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း (၂၀၂၀ ပြည့်နှစ်) နှင့် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်း (၂၀၂၅ ခုနှစ်) ရှိကြောင်း သိရသည်။ ရှေးယခင်က မြန်မာနိုင်ငံ၏ သစ်တော

■ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှုမှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်များစိုက်ပျိုးလာနိုင်မှုမှာ နိုင်ငံသားတစ်ဦးချင်းစီ၏ သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးထိန်းသိမ်းတတ်လာသည့် အမြုတေစိတ်ဓာတ်များ ရှင်သန်ရင့်ကျက်လာခြင်း၏ အကျိုးရလဒ်များပင်ဖြစ်သည်။ ရရှိလာသော အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း၍ သစ်တောဖုံးလွှမ်းမှုလျော့နည်းမှုမရှိစေရေး ကြိုတင်တားဆီးကာကွယ်ရမည်ဖြစ်သလို အခြားတစ်ဖက်မှလည်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်။ မိမိတို့နိုင်ငံသည် ဒေသအလိုက်ရှင်သန်ဖြစ်ထွန်းအောင်မြင်သော သစ်တောသစ်ပင်မျိုးစုံရှိပြီး ထိုသစ်တောသစ်ပင်များမှာ ပြန်လည်ပြည့်ဖြိုးမြဲ သယံဇာတ **စာမျက်နှာ ၁၃ သို့** ❑

❑ စာမျက်နှာ ၁၂ မှအဆက်

အရင်းအမြစ်များ (Renewable Resources) ပင်ဖြစ်သည်။

ကမ္ဘာကြီးတွင် အကြောင်းအမျိုးမျိုးကြောင့် တစ်နေ့တခြား အပူချိန်များပိုမိုမြင့်မားလာလျက်ရှိနေသည်။ ထိုအပူဒဏ်ကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်မည့် အကောင်းမွန်ဆုံးသော ကုစားချက်မှာ သစ်ပင်များစိုက်ပျိုးခြင်းပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ တားဆီး၍မရနိုင်ကောင်းသော်လည်း လူအများ၏ ကြိုတင်ကာကွယ်ဖန်တီးမှုများဖြင့် သက်သာလျော့ပါးအောင် ဆောင်ရွက်ရသည်။

ယခုသစ်ပင်စိုက်၍ ယခုချက်ချင်း အပူချိန်များသိသာထင်ရှားစွာ လက်ငင်း လျော့ပါးသွားမည် မဟုတ်သော်လည်း ယခု မိမိတို့ သစ်ပင်စိုက်ပျိုးခြင်းဖြင့် သစ်ရိပ်ဝါးရိပ်တို့၏ အရိပ်အာဝါသများကြောင့် အပူဒဏ်ကို တတ်နိုင်သမျှလျော့ပါးလာစေမည်ဖြစ်သည်။ ကာလကြာမြင့်လာသည်နှင့်အမျှ အပူဒဏ်မှထိုက်သင့်သော သက်သာမှုများကို တိုး၍ရရှိလာစေမည်ဖြစ်သည်။ ထို့မျှမက စိမ်းလန်းစိုပြည်သော မြင်ကွင်းများကို မြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကိုဖြစ်ပေါ်စေပြီး မိမိတို့၏ စိတ်နှလုံးကိုလည်း အေးမြစေသည့် အကျိုးကျေးဇူးများရရှိစေနိုင်မည်ဖြစ်ပါ၏။

သစ်ပင်များစိုက်ပျိုးပြီး ခုနစ်နှစ်၊ ရှစ်နှစ်ခန့်ဆိုလျှင်ပင် အေးမြသောအရိပ်အာဝါသများကိုစတင်ခံစားရမည်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံနှင့်အဝန်း လူထုလှုပ်ရှားမှုအသွင် သစ်ပင်စိုက်ပျိုးပွဲများ ခြိမ့်ခြိမ့်သဲသဲ ဆောင်ရွက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုခွဲမျှ ကြာမြင့်ခဲ့ပါပြီ။ လက်ရှိ မိမိတို့ခံစားနေရသော သစ်ကြီးဝါးကြီးတို့၏အရိပ်အာဝါသများမှာထိုစဉ်ကစိုက်ပျိုးထိန်းသိမ်းခဲ့မှုများ၏ အကျိုးကျေးဇူးပင်ဖြစ်သည်။ နောင်လာမည့် မိမိတို့၏သားစဉ်မြေးဆက်အထိ အေးမြသောအရိပ်အာဝါသများ ခံစားရစေလိုသည့် စေတနာတရားဖြင့် ဆောင်ရွက်ခဲ့ကြခြင်းပါပေ။ မေတ္တာတရားဖြင့် စွမ်းဆောင်ခဲ့ကြခြင်းပါပေ။

နိုင်ငံတော်သမ္မတကြီးအနေဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို အမြော်အမြင်ကြီးမားစွာ အလေ့အကျင့်ပြုလုပ်ပေးခဲ့သည့်နည်းတူ ယနေ့မိမိတို့တစ်တွေသည် ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးအတွက် သစ်တောသယံဇာတများ တည်တံ့စေရန်၊ ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ ဂေဟစနစ်တည်ငြိမ်စေရန်၊ ရာသီဥတုမျှတပြီး အရည်အသွေးပြည့်မီသည့် ပတ်ဝန်းကျင်ကောင်းဖြစ်စေရန်စသည့် အကျိုးကျေးဇူးများစွာအတွက် သစ်ပင်များဆက်လက်စိုက်ကြရဦးမည်ဖြစ်သည်။ သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်နှစ်ချိန်ရှိသည်ဟု ဆိုကြသည်။ တစ်ကြိမ်မှာ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကဖြစ်ပြီး ဒုတိယအကောင်းဆုံးအကြိမ်မှာ ယခုအချိန်ပင်ဖြစ်သည်။

ဗုဒ္ဓဝင်လာ ဒေဝေါရောဟဏဝတ္ထုဥဒ္ဒါန မြတ်စွာဘုရားရှင်သည် တစ်ခုသောဝါဆိုလပြည့်နေ့တွင် နောက်တော်ပါရဟန်းသံဃာများနှင့်အတူ သာဝတ္ထိပြည်အတွင်း ဆွမ်းခံကြွစဉ်ပသေနဒီကောသလမင်းကြီး၏ မင်းဥယျာဉ်စောင့် ကဏ္ဍဆိုသူက ထူးခြားသည့်သရက်ဖြူသီးတစ်လုံးကို ဆက်ကပ်လာသည်။ မြတ်စွာဘုရားသည် ထိုသရက်သီးကို ဘုဉ်းပေးတော်မူပြီး သရက်စေ့အား တူးဆွစိုက်ပျိုးရမည့် မြေနေရာသို့ညွှန်ပြမိန့်တော်မူ၍ ဆက်ကပ်လှူဒါန်းသူ ကဏ္ဍာကိုပင် စိုက်ပျိုးစေသည်။ ထိုသရက်ပင်သည် ကဏ္ဍာမည်သော ဥယျာဉ်စောင့်စိုက်အပ်သည်အဖြစ်ကြောင့် ကဏ္ဍာသရက်ပင်ဟူ၍ ထင်ရှားသည်။ ထိုဝတ္ထုအရ ဗုဒ္ဓမြတ်စွာဘုရားသည်ပင် သစ်ပင်စိုက်ခြင်းကို အားပေးချီးမြှောက်တော်မူပြီး သစ်ပင်စိုက်သူအား ထာဝရကောင်းမှုကုသိုလ်ရယူစေသည်ကိုတွေ့ရပါ၏။

နိုင်ငံတော်သမ္မတကြီး ဦးဆောင်စိုက်ပျိုးခဲ့သည့် ဆယ်စုနှစ်တစ်ခုခွဲမျှ သက်တမ်းရှိပြီဖြစ်သော သစ်ပင်စိုက်ပျိုးပွဲများ၏ အကျိုးကျေးဇူးများကြောင့် သက်ဆိုင်ရာဒေသများအလိုက် သစ်တောပြန်းတီးမှုရာခိုင်နှုန်းနှင့် အပူချိန်လျော့နည်းကျဆင်းလာခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာခြင်းနှင့် လေထုအရည်အသွေးကောင်းမွန်လာခြင်းတို့ကို လက်တွေ့ခံစားနေရပြီဖြစ်သည်။ ထို့အကျိုးကျေးဇူးများမှာ ကြီးမြတ်သော နှလုံးသားပိုင်ရှင်တို့ထံမှ ဖြစ်တည်လာသည့် အသီးအပွင့်များဟု ဆိုရပါမည်။

သစ်ပင်စိုက်ပျိုးခြင်းဆိုသည်မှာ လူမျိုးဘာသာမရွေး ဆောင်ရွက်နိုင်သောကုသိုလ်ကောင်းမှု တစ်မျိုးဖြစ်သည်။ လူထုလူတန်းစား အလွှာအသီးသီးက ဆောင်ရွက်နိုင်သည်။ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများမှာ "သစ်တောနှင့်သစ်ပင် ချစ်ခင်သည့်လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဟူသည့်ဆောင်ပုဒ်နှင့်အညီ ကိုးကွယ်သည့် ဘာသာ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအရ ဘိုးဘေးဘီဘင်များ လက်ထက်ကတည်းကပင် သစ်တောသစ်ပင်ကို ချစ်မြတ်နိုးသူများပီပီ နိုင်ငံတစ်ဝန်း ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် သစ်တောသစ်ပင်များကို နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးကြလျက်ရှိသည်။ ဆက်လက်၍လည်း နိုင်ငံတော်သမ္မတကြီးနှင့်တကွ ရှေ့အစဉ်အဆက်မှ နှလုံးသားကြီးမြတ်သူတို့၏ စံနမူနာကောင်းများကို လက်ဆင့်ကမ်း သယ်ဆောင်၍ အောင်မြင်ဖြစ်ထွန်းဖွံ့ဖြိုးရှင်သန်သည်အထိ သစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါသတည်း။ ။

သာယာဝတီမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

သာယာဝတီ ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ဒေသစိမ်းလန်းစိုပြည်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အကျိုးပြုသည့် ခရိုင်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၃ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရေးဦးစွာခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား ပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်ထားသည့် မြေနေရာများတွင် အမြင့် ၂ ပေအထက်ရှိ အပင်ပေါင်း ၃၂၀ ကို စိုက်ပျိုးကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် အမြင့် ၂ ပေ အထက်ရှိ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မန်ကျန်ရှား၊ ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ ကုက္ကို၊ စိန်ပန်း၊ ရေတမာ၊ ပျဉ်းမ စသည့် အပင်ပေါင်း ၃၂၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သန့်ဇော်(ပြန်/ဆက်)**

၁၃-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၅၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(စျ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၄၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၄၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဘော်လီဘောသင်တန်းဖွင့်ပွဲနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၁၄)ခရိုင် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် ဇွန် ၁၃

၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ထို့နောက် ဘော်လီဘောသင်တန်းဖွင့်ပွဲကို သဃ်နိုးကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြား၍ သင်တန်းသား၊ သင်တန်းသူ ကျောင်းသား၊ ကျောင်းသူ ၉၀၀ တို့ကို အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အမျိုးသား / အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို သဃ်နိုးကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ကျင်းပရာ ခရိုင်အလိုက်ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးများက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

ထို့နောက် အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗိုလ်တထောင်ခရိုင်အသင်းနှင့် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောက်တံတားခရိုင် အသင်းတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့်တံခွန်စိုက်ဆုဖလားများကိုပေးအပ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်



မော်လမြိုင် ဇွန် ၁၃


၂၀၂၆ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ဈေးကြိုရုပ်ကွက် တက္ကသိုလ် (၁၀) မြို့နယ်ဆောင် အဝင်လမ်း၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်လူမှုရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်၊ သူနာပြု/သားဖွားသင်တန်းကျောင်း၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက တပျော်တပါးစုပေါင်း၍ သစ်ပင်စိုက်ပျိုးကြကြောင်း သိရသည်။

ဥဿာတိုင်းသား

မြောင်းတကာစက်မှုဇုန်တွင် တရားမဝင်ဓာတ်အားရယူသုံးစွဲထားခြင်းအား လျှပ်စစ်ဥပဒေ၊ စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ အရေးယူဆောင်ရွက်





မီတာအတွင်း မသမာသောနည်းဖြင့် ပြုပြင်ထားသည့် မှတ်တမ်းဓာတ်ပုံ။



တရားမဝင်ဓာတ်အားရယူသုံးစွဲထားသည့် မြောင်းတကာစက်မှုဇုန်၊ မြေကွက်အမှတ် (၅၂/၅၃) ရှိ ZON TAI STEEL Co.,Ltd. သံရည်ကျိုစက်ရုံ။

နေပြည်တော် ဇွန် ၁၃

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် မသမာသောနည်းဖြင့် လျှပ်စစ်ဓာတ်အားရယူသုံးစွဲနေမှုများကို စောင့်ကြည့်စစ်ဆေးဖော်ထုတ်လျက်ရှိစဉ် မသက်ဘဖွယ်တွေ့ရှိရသည့် မြောင်းတကာစက်မှုဇုန်၊ မြေကွက်အမှတ်(၅၂/၅၃) ရှိ ZON TAI STEEL Co.,Ltd. သံရည်ကျိုစက်ရုံကို ဝင်ရောက်စစ်ဆေးရာ မီတာအား မသမာသောနည်းဖြင့်ဖွင့်၍ ပြုပြင်ပြီး ဓာတ်အား ခိုးယူသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါသည်။

ယင်းသို့ မသမာမှုဖြစ်စဉ်ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားယူနစ် ငါးသန်းခြောက်သောင်းရှစ်ထောင်ရှစ်ရာအတွက် ငွေကျပ် သန်း ၄၅၀၀ ကျော် ဆုံးရှုံးနစ်နာစေခဲ့သဖြင့် လျှပ်စစ်မီတာအားချက်ချင်းပိတ်သိမ်းခဲ့ပြီး နစ်နာဆုံးရှုံးမှုများ ပြန်လည်ရရှိရေးနှင့် လျှပ်စစ်ဓာတ်အားကို မသမာသောနည်းဖြင့် ရယူသုံးစွဲထားသည့် လုပ်ငန်းရှင်အား လျှပ်စစ်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရန်အတွက် မှော်ဘီမြို့မရဲစခန်း၌ ဇွန်လ ၁၁ ရက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် Control Center များမှစောင့်ကြည့်စစ်ဆေး၍ သံသယဖြစ်ဖွယ်တွေ့ရှိသည်နှင့် မြေပြင်သို့သွားရောက်စစ်ဆေးခြင်း၊ ပြည်သူများ၏ တိကျစွာ သတင်းပေးတိုင်ကြားလာမှုများအပေါ် ထိရောက်စွာစစ်ဆေးအရေးယူဆောင်ရွက်ခြင်းတို့ဖြင့် လျှပ်စစ်ဓာတ်အားလေလွင့်ပျောက်ဆုံးမှုများ သိသာစွာလျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဖြစ်ရာ ယင်းသို့ ဓာတ်အားခိုးယူသုံးစွဲမှုများ ဖော်ထုတ်လာနိုင်သည်နှင့်အမျှ ပြည်သူများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် ပိုမိုချွေတာပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

မိတ္ထီလာခရိုင်၌ ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်မှု တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်

မိတ္ထီလာ ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ကောက်ရိုးမှိုစိုက်ပျိုးထုတ်လုပ်မှု တောင်သူနည်းပညာပေး သင်တန်းကို ယမန်နေ့က ခရိုင်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက ကောက်ရိုးမှိုစိုက်ပျိုးရာတွင် ကျေးလက်မြို့ပြမရွေး မြေနေရာကျဉ်းကျဉ်းတွင် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ပြီး မိသားစုဝင်ငွေများ တိုးစေနိုင်ကြောင်း၊ ဓာတုဆေး၊ ဓာတ်မြေဩဇာများကင်းလွတ်၍ လတ်လတ်ဆတ်ဆတ်ခူးယူစားသုံးနိုင်ခြင်းကြောင့် ဘေးအန္တရာယ်ကင်းရှင်း၍ ရောဂါဘယ ကင်းဝေးစေနိုင်ကြောင်း၊ ကောက်ရိုးမှိုစိုက်ပျိုးရန်အတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများကို ဒေသအတွင်း အလွယ်တကူ ရရှိစိုက်ပျိုးနိုင်ကြောင်းနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ၿငိးနောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်စုရည်လင်းက သင်တန်းတက်ရောက်လာသူများအား ကောက်ရိုးမှိ စိုက်ပျိုးနည်းစနစ်များ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးအောင်စိုးနိုင်က ကောက်ရိုးမှိုပြုလုပ်ပုံ အဆင့်ဆင့်ကို လက်တွေ့ပြုလုပ်ပြသခဲ့သည်။ ယင်းနောက် ကောက်ရိုးမှိုစိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။ အဆိုပါသင်တန်းကို စိုက်ပျိုးရေးဝန်ထမ်း ၁၅ဦးနှင့် တောင်သူ ၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၄၀၂)

★ **စာမျက်နှာ ၁၇ မှအဆက်**

သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အတူ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် တက်ကြွစွာပူးပေါင်းပါဝင်စေရေး စည်းရုံးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သစ်တောများသည် ရာသီဥတုကို မျှတစေပြီး သဘာဝအရင်းအမြစ်များစွာကို ထိန်းသိမ်းနိုင်ခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးတည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို **"အနာဂတ်အတွက် အရေးကြီးသောရင်းနှီးမြှုပ်နှံမှု"**အဖြစ် အလေးထားပြီး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအခြေပြု စီးပွားရေးဖွံ့ဖြိုးမှုပုံစံများဖြစ်သည့် ဇီဝစီးပွားရေး(Bio Economy)၊ အစိမ်းရောင်စီးပွားရေး(Green Economy)နှင့် စက်ဝန်းပုံစီးပွားရေး(Circular Economy)လုပ်ငန်းများကို ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် သစ်အချောထည်၊ ပရိဘောဂလုပ်ငန်းများ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ကြိတ်သားနှင့် သစ်ခွဲသားထုတ်လုပ်မှုလုပ်ငန်းများ၊ ဝါးမျှော်ဖတ်နှင့် စက္ကူထုတ်လုပ်မှုလုပ်ငန်းများ၊ အဆင့်မြင့်ချည်နှင့် ဝါးကြိတ်သားထုတ်လုပ်မှုလုပ်ငန်းများ၊ ဝါးအခြေခံပရိဘောဂနှင့် ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်လာအောင် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သစ်တောသယံဇာတ ပေါကြွယ်ဝမှုနှင့် နိုင်ငံလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေပြီး သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုတွေဟာလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ရည်မှန်းဖွဲ့စည်းလျက်ရှိရာတွင်ယနေ့အထိ သစ်တောကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တော စုစုပေါင်း ၁၃၃၇ ခု၊ နိုင်ငံဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်းတည်ထောင်နိုင်ခဲ့ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခု နိုင်ငံဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်း ဖွဲ့စည်းထားနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နှစ်စဉ် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်လျက်ရှိသကဲ့သို့ ယခုနှစ် မိုးရာသီတွင် နိုင်ငံအဝန်း သစ်တောစိုက်ခင်း ၈က ၃ သောင်းကျော်၊ **သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်း** စိုက်ပျိုးတည်ထောင်သွားမည်ဖြစ်ကြောင်း၊ အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ(၁၃)ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေး ဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက်ဧရိယာများနှင့် ကမ်းရိုးတန်းဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းကို ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့် အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"ဆိုသည့် မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ်ကောင်းမွန်စေရန်၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရန်အတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ဦးချင်းကစပြီး ဒေသအသီးသီးနှင့် ဌာန၊ အဖွဲ့အစည်းများအားလုံးက သစ်ပင်စိုက်ပျိုးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်စေဖို့အတွက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန်၊ နိုင်ငံအဝန်း သစ်တောဖုံးလွှမ်းမှုများတိုးပွားလာစေရေးအတွက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က မဟော်ဂနီပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့်အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိက ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း တပျော်တပါးစိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပန်းပွင့်သောသစ်မျိုးများဖြစ်ကြသည့် ကုံကော်၊ ခရေ၊ ပန်းမဲဇလီ၊ စိန်ပန်း၊ ပျဉ်းမ၊ ရတနာတန်းဝင်းသစ်မျိုးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီနှင့် အမြဲစိမ်းသစ်မျိုးများဖြစ်သည့် ရင်းမာ၊ ဆီသပြေ၊ မအူ၊ မာလာလူးကား၊ ယမနေ၊ ရေတမာ စသည့် သစ်မျိုး(၁၆) မျိုး၊ အပင်ပေါင်း ၃၀၀၀ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



၂၀၂၆ ခုနှစ်- မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဇွန်လ ၁၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကိုပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးနှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ် လူမှုရေးရာဘာသာရပ်များဌာန ပါမောက္ခ ဒေါ်တင်တင်ဝင်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်မှ မသုထက်အောင်၊ မောင်ပြည့်ဖြိုး၊ မောင်ဇင်မင်းထက်၊ ဒုတိယနှစ်မှ မနဒီရွှေလွာ၊ သိပ္ပံဘာသာရပ်များဌာန ပါမောက္ခ ဒေါ်စန္ဒာကျော်တို့က ပညာရေး၏အရေးပါမှု၊ လူငယ်များအတွက် အခွင့်အလမ်းများ၊ စာကြည့်တိုက်နှင့် အသိပညာအရင်းအမြစ်များ၏အရေးပါမှု၊ မိဘနှင့် လူမှုအသိုင်းအဝိုင်း၏ပံ့ပိုးမှုများကို အသီးသီး ဆွေးနွေးကြပြီး ဆွေးနွေးပေးကြသူများအား တာဝန်ရှိသူတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ သဃ်န်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်မှ ပါမောက္ခများ၊ ကထိကများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။



လှလှထွေး(ပြန်/ဆက်)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။



ဒုတိယသမ္မတ ဦးညီစော ကံ့ကော်ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ခရေပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။

★ **ရေဖုံးမှအဆက်**

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မှုတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယနေ့ နေပြည်တော်သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး(၁၆)မျိုး၊ အပင်ပေါင်း (၃၀၀၀) ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း သစ်ပင်စိုက်ပျိုးပွဲတော်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပပြီး သစ်မျိုးစုံအပင်ပေါင်း (၅၄၈၁၀)ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် သစ်ပင်သစ်တောများ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပြည့်စုံစွာရှိနေကြောင်း၊ အမျိုးအစားစုံလင်လှသည့် ဂေဟစနစ်များ၊ သစ်ပင်သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများသည် နိုင်ငံ၏စားရေရိက္ခာထုတ်လုပ်နိုင်မှု၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင် သာယာဝပြောမှုနှင့် ရာသီဥတုသမမျှတစေမှုတို့အတွက် ရေခံမြေခံအခြေခံကောင်းများဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည်ကမ္ဘာမြေပေါ်ရှိ သက်ရှိများအားလုံး ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှကြောင်း၊ ထို့ပြင် ရာသီဥတုမျှတရေး၊ စားရေရိက္ခာဖူလုံရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များ၏ ဗဟိုချက်ဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင်စနစ်တကျစိုက်ပျိုးပြုစုပြီး စီမံအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများထဲတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း (ဒသမ ၀၄) ရာခိုင်နှုန်း လျော့နည်းသွားသည်ကိုတွေ့ရပြီး သစ်တောပြုန်းတီးမှုများ လုံးဝရပ်တန့်သွားအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက်

❖ သစ်ပင်စိုက်ပျိုးပွဲတော်များကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မှုတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်ကဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် ဆောင်ရွက်နေခြင်းဖြစ် . . .

❖ ယနေ့ နေပြည်တော်သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး(၁၆)မျိုး၊ အပင်ပေါင်း (၃၀၀၀) ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း သစ်ပင်စိုက်ပျိုးပွဲတော်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပပြီး သစ်မျိုးစုံအပင်ပေါင်း (၅၄၈၁၀)ပင် စိုက်ပျိုးသွားမည်ဖြစ် . . .

❖ သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများအားလုံးရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါ၊ သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များ၏ဗဟိုချက်ဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင်စနစ်တကျစိုက်ပျိုးပြုစုပြီး စီမံအုပ်ချုပ်သွားရမည်ဖြစ် . . .



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် - မိုးရာသီ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ ထားရစ်နိုင်ခဲ့ရန်အတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတွင် တွေ့ကြုံနေရသည့် ရာသီဥတုပြောင်းလဲမှုအဓိကအကြောင်းရင်းများကို လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက ရုပ်ကြွင်းလောင်စာအသုံးပြုမှုများလာခြင်း၊ စွမ်းအင်နှင့် စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်လာခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ လူဦးရေတိုးပွားလာမှုနှင့်အတူ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလာခြင်းစသည့် အကြောင်းရင်းများကြောင့်ဖြစ်ကြောင်း၊ အဆိုပါအချက်များကြောင့် လေထုထဲကို မှန်လုံအိမ်ဓာတ်ငွေ့အမြောက်အမြားပိုမိုထုတ်လွှတ်လာပြီး ရာသီဥတုပြောင်းလဲမှုပြင်းထန်လာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်လာကြရခြင်းဖြစ်ကြောင်း။

နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှုလေ့လာစောင့်ကြည့်ရေးအဖွဲ့တချို့၏ ၂၀၂၆ ခုနှစ်၊ ရာသီဥတုဘေးဖြစ်နိုင်ခြေအညွှန်းကိန်းအရ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားမှုအများဆုံး ၁၀ နိုင်ငံတွင် ပါဝင်နေသည်ကိုသိရကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် နောက်ဆက်တွဲသဘာဝဘေးအန္တရာယ်များ ပိုမိုဆိုးဝါးပြင်းထန်လာစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးစာရင်းဝင်နေသည်ကို တွေ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်မြို့သည် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက်အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယက်၊ ယခုနှစ်မှာ ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် ရှိသည်ကို တွေ့ရကြောင်း၊ အလားတူ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့တွင် ၄၁ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ရှိနေသည်ကိုတွေ့ရကြောင်း။

အထူးသဖြင့် ယခုနှစ်ကုန်ပိုင်းတွင် အလွန်အားကောင်းသည့် စူပါအယ်လ်နီညိုအဆင့်ထိရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြကြောင်း၊ရာသီဥတုပြောင်းလဲမှုနှင့်အယ်လ်နီညိုတို့ ပေါင်းစပ်သက်ရောက်လာသည်ကိုခံရမည်ဆိုပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်သည့်အတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားကြရန်လိုအပ်မည်ဖြစ်ကြောင်း။

ကမ္ဘာနှင့်အဝန်းရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အထဲမှ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့်အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့်လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

အပူပိုင်းဒေသ ၁၃ ခရိုင်အပါအဝင် အပူချိန်မြင့်မားသည့် မြေလတ်ဒေသမြို့ကြီးများတွင် သစ်ပင်သစ်တောအလွန်ကျဲပါးခြောက်သွေ့ပြီး သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းနည်းပါးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လေ့လာမှုများအရ အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ၂၀၁၆ ခုနှစ်ကနေ ၂၀၂၅ ခုနှစ်အတွင်း အပင်ပေါင်း သန်း ၆၀ ကျော် စိုက်ပျိုးခဲ့သည့်အတွက်ယေဘုယျအားဖြင့် ဧက ၂သိန်းကျော်နှင့်ညီမျှသည်ဟု တွက်ချက်သိရှိရကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်မျိုးစုံ ၂၆၉ သန်း ၈ သိန်းကျော် စိုက်ပျိုးခဲ့သည့်အတွက် ယေဘုယျအားဖြင့် ဧက ၁ သန်းခန့်နှင့်ညီမျှသည်ကိုတွေ့ရကြောင်း၊ လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုများ ရှိသော်လည်း စိုက်ပျိုးသည့်သစ်ပင်များ တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်အောင် စိုက်ပျိုးပြုစုနိုင်ခဲ့မည်ဆိုပါက သစ်ပင်သစ်တောဆုံးရှုံးမှုကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် သဘာဝတောများပျက်စီးပြုန်းတီးမှုမရှိစေရန်အတွက်သစ်တောများ စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုတိုးပွားလာပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ချထိန်းညှိနိုင်မည်ဖြစ်ကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဝိတောက်ပျိုးပင်ကိုစိုက်ပျိုးပေးစဉ်။

ထို့ကြောင့် သစ်ပင်များစိုက်ပျိုးရာတွင်လည်း တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်ရန် အလွန်အရေးကြီးကြောင်း၊ ပျိုးသက် ၂ နှစ်ရှိပြီး ပျိုးပင်အမြင့် ၂ ပေနှင့်အထက် ကျန်းမာကြံ့ခိုင်သည့်ပျိုးပင်များကို စိုက်ပျိုးကြရန်လည်း ထပ်မံမှာကြားလိုကြောင်း၊ **"မြေဆီစိုခိုက် သစ်ပင်စိုက်"** ဆိုသည့် ဆိုရိုးနှင့်အညီ ယခုကဲ့သို့ မုတ်သုံမိုးရွာသွန်းချိန်သည် မြေဆီလွှာများ စိုစွတ်ပျော့ပျောင်းလာပြီး ရေဓာတ်ပြည့်ဝလာသည့်အတွက် အပင်ငယ်များ လွယ်ကူစွာအမြစ်တွယ်ပြီး ရှင်သန်ကြီးထွားရန် အကောင်းဆုံးနှင့်အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်း၊ မုတ်သုံမိုးနှင့်အတူ သစ်ပင်များ အချိန်ကိုက်စိုက်ပျိုးသွားကြမည်ဆိုပါက အစိုဓာတ် လုံလုံလောက်လောက်ရရှိခြင်းကြောင့် ရှင်သန်ကြီးထွားမှုကောင်းပြီး ပူပြင်းခြောက်သွေ့သည့် နွေရာသီကို အောင်မြင်စွာဖြတ်ကျော်ရှင်သန်နိုင်မည်ဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုး ထိန်းသိမ်းခြင်းသည် ရေရှည်ဆောင်ရွက်ကြရမည့် လုပ်ငန်းများဖြစ်ခြင်းကြောင့် နှစ်စဉ် စဉ်ဆက်မပြတ် စိုက်ပျိုးပြုစု ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် **စာမျက်နှာ ၁၅ သို့** ★

❖ လက်ရှိနှင့်အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များထားရစ်နိုင်ခဲ့ရန်အတွက် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းရောက်အောင် ရည်မှန်းချက်ထားရှိပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ် . . .

❖ သစ်ပင်များစိုက်ပျိုးရာတွင်လည်း တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်ရန် အလွန်အရေးကြီး၊ ပျိုးသက် ၂ နှစ်ရှိပြီး ပျိုးပင်အမြင့် ၂ ပေနှင့်အထက် ကျန်းမာကြံ့ခိုင်သည့် ပျိုးပင်များကိုစိုက်ပျိုးကြရန်လည်း ထပ်မံမှာကြားလို . . .

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

President of the Republic of the Union of Myanmar U Min Aung Hlaing plants a mahogany sapling at the first national level rainy-season tree-growing ceremony for 2026

NAY PYI TAW June 13

The first national level rainy-season tree-growing ceremony for 2026 took place at Plot No 1, Palway reserve forest, Dekkinathiri Township, Nay Pyi Taw, Union Territory, this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing, who planted a mahogany sapling.

Also present together with the President were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, union level dignitaries, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, personnel of the ministries, employees, rectors, pro rectors, lecturers, teachers, and students of institutions of higher learning and basic education schools in Nay Pyi Taw and officials.



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the first national level rainy-season tree-growing ceremony.

In his address, the President said that with public involvement, the government is sponsoring tree-planting ceremonies to green and beautify the environment, maintain ecosystem balance, prevent natural disasters, and improve the climate. At this ceremony, over 3,000 saplings of 16 different species will be planted. Simultaneously, townships, districts, regions, and states will plant 54,810 saplings of various species.



President U Min Aung Hlaing cordially converses with students.

Myanmar is rich in forests, wonderful landscapes, natural watercourses, lakes, biodiversity, and natural resources. The country's diverse ecosystems, trees, forests, biodiversity, and natural resources serve as the foundation for food production, green economic activities, environmental conservation, and a balanced climate.

Trees and forests are essential for all life on Earth. They generate continuous ecosystem services to maintain a balanced climate, food sufficiency, disaster prevention, and soil and water conservation. In addition, they provide forest products—such as wood, fuelwood, bamboo, rattan, food, and medicines—and environmental services. As trees are the core of the ecosystem, they must be properly cared for, regenerated, and managed.

Myanmar has the second-largest forest cover among ASEAN countries. According to FAO reports, the country's total forest area in 2025 was 42.15 percent, down 0.04 percent from 42.19 percent in 2020. Hence, the country requires continuous efforts to completely halt forest depletion. It must set its forest cover target at 50 percent of its land area to leave behind a balanced and stable ecosystem for posterity.

Increased combustion of fossil fuels, development in the energy and industrial sectors, transportation expansion, forest depletion, and population growth—alongside transitions in wood use patterns—are identified as the root causes of climate change that countries worldwide, including Myanmar, face today. These causes intensify the release of greenhouse gases into the atmosphere, worsening climate change and triggering various natural disasters.

The 2026 climate hazard index from certain international weather monitoring teams placed Myanmar among the ten countries most affected

See Page - 21►►

Third convoy of vehicles carrying relief supplies and construction materials arrives in Myitkyina for rehabilitation efforts along Mandalay-Myitkyina route, locals welcome with joy

NAY PYI TAW June 13

The State Government has been providing guidance on ongoing efforts to ensure national stability and peace, and to steadily improve the socio-economic living conditions of the people in regions across the country. In response, the Tatmadaw has been effectively implementing these directives, working to bring about regional stability and peace, improve transportation connectivity, and drive development in each region one after another.



Vehicles carrying goods upon arriving in Nantsiaung.



Locals giving a tumultuous welcome to vehicles carrying goods in Myitkyina.



Locals giving a tumultuous welcome to vehicles carrying goods in Myitkyina.



Locals giving a tumultuous welcome to vehicles carrying goods in Myitkyina.

In its efforts to establish regional stability and promote development, the Tatmadaw first ensures security and stability in an area before providing necessary support. This support includes transporting construction materials, school textbooks and stationery to enhance the education sector, and medicines and medical supplies for healthcare services—delivered using military vehicle convoys. Additionally, military aircraft are used to reach remote and hard-to-access areas in certain regions and states.



Locals giving a tumultuous welcome to vehicles carrying goods in Myitkyina.



Locals giving a tumultuous welcome to vehicles carrying goods in Myitkyina.

While carrying out these tasks, the Tatmadaw is working together with local residents on counter-terrorism operations in areas temporarily controlled by violent insurgents. One significant achievement was the complete seizure and reopening of the Mandalay-Myitkyina communication route—an essential link for the development of northern Myanmar, passing through Mandalay, Madaya, Thabeikkyin, Tagaung, Htigyaing, Katha, Indaw, Mawlu, Nantsiaung, Mohnyin, Mogaung, and Myitkyina—on May 6. To facilitate rehabilitation efforts in towns and villages along this route, the Tatmadaw transported personnel and reconstruction materials from Mandalay to Myitkyina in a first convoy on May 12. A second convoy, carrying essential food items, consumer goods, construction materials, medicines, medical supplies, school textbooks, fuel, and fire trucks, was sent on May 31. These efforts were previously covered by Myawady TV news, and the visible joy of the public—so much so that it brought happiness to viewers watching from afar—was widely shared.

Today, following government guidance and under the Tatmadaw's coordination, a third convoy arrived in Myitkyina. These vehicles carry essential food supplies, consumer goods, construction materials, medicines and medical supplies, school textbooks, and fuel. Their purpose is to help restore government administrative mechanisms in towns and villages along the route, support local ethnic residents as they resettle in their communities, ensure students receive textbooks and stationery, meet healthcare needs, and address other requirements. The convoy departed from Mandalay on June 11 and reached Myitkyina this afternoon. Upon arrival, officials from the Northern Command, departmental staff, and local residents welcomed the vehicles with traditional drums and gongs, Aungthabye flowers, and floral bouquets, expressing their heartfelt gratitude and joy.

Subsequently, the school textbooks from the convoy were handed over to the District Education Office, basic food items were taken to the State Indoor Sports Stadium, and fertilizers were delivered to the Agriculture and Animal Husbandry Institute. Northern Command Commander Major General Aung Zaw Htwe, along with responsible officials, visited and oversaw these distributions, coordinating as needed. These supplies will support the socio-economic well-being of local residents and departmental staff, healthcare services, and the education of young students. Local ethnic people have expressed their heartfelt thanks and joy. The Tatmadaw will continue working hand in hand with departmental officials and local residents to vigorously pursue regional development.

100

94 suspects involved in online scams and gambling activities arrested with operation materials in Muse, Shan State (North)

NAY PYI TAW June 13

The Government is giving priority, as a national responsibility, to combatting online scams and online gambling activities that pose a serious threat worldwide by harming people's social lives and undermining the public interest. It is working effectively to completely eliminate their re-establishment by coordinating not only with domestic forces but also with the governments of neighbouring countries, conducting joint efforts to track down and suppress them.

Combined security forces carry out security measures in the region and expose and inspect the online scams and gambling activities not to enable online scammers and gamblers in relevant areas. At about 2.15 pm today, these forces arrested 17 Chinese men, 34 Myanmar men and 37 women, totalling 88 who committed online scams and gambling at a house in Kaunghmulwe Ward of Muse, Shan State (North), along with 180 assorted mobile phones, 44 All in One computers, two small power stations, one Crown car and one Alphard car.


The combined security forces continued searching and inspection in the region. At about 2.30 pm, they arrested five Chinese men and one woman, totalling six who offended online scams and gambling activities from a house in Kaunghmuton Ward, together with 103 assorted mobile phones, six Laptops, two All in One computers, four Wifi devices and two CPUs.

Those who have been arrested for engaging in online scams and gambling activities will be subjected to necessary investigations, and upon completion, they will be dealt with strictly in accordance with existing laws. The seized equipment and materials used in the activities will be handled further in accordance with established procedures.

It is reported that the State is actively continuing its efforts to eradicate online fraud and gambling offences and to prevent their establishment in Myanmar, by cooperating with neighbouring countries, regional countries, and international organizations in ongoing anti-online fraud and gambling operations. **100**



Arrest of 17 Chinese men, 34 Myanmar men, and 37 women involved in online fraud and gambling operations, along with business equipment, in Kaunghmulwe Ward, Muse Town.





Arrest of 5 Chinese men and 1 woman involved in online fraud and gambling operations, along with business equipment, in Kaunghmuton Ward, Muse Town.





A view of the house and workplace where online fraud and gambling operations were conducted in Kaunghmuton Ward, Muse Town.

Chickpea trading booms at domestic market in Kyaunggon Township

KYAUNGGON June 13

Chickpea trading is boosting at the domestic market in Kyaunggon Township of Ayeyawady Region, said Daw Mar Mar Aye, the owner of pulse and beans wholesale centre in Kyaunggon Township.

In Kyaunggon Township, starting from the third week of March this year up to the present, demand for chickpeas (butter beans) has increased, and trading has been active. It is reported that weekly transactions have reached between 500 and 1,500 bags (16 pyi per bag).

"Chickpeas are being traded much more than before. The strong domestic consumption has led to improved market activity. The chickpeas currently being traded are old stocks left over from the winter season. As trading improves, more job opportunities are being created in the pulse sector. At present, locally produced pulses are not only being sold in local markets but are also seeing strong demand from Yangon," said Daw Mar Mar Aye.

In Kyaunggon Township, chickpeas and other pulses are being systematically cleaned and exported to purchasing areas. It is also reported that the current market price for chickpeas is up to Ks-171,000 per 16-pyi bag. **SK**

Mawlaik Township harvests over 1,000 acres of winter haricot beans

MAWLAIK June 13

Over 1,000 acres of haricot beans planted during the winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, have been harvested, according to the statistics of the Department of Agriculture for Mawlaik District.

The Mawlaik Township has been able to plant 2,135 acres of haricot beans during the winter crops planting season, and the haricot bean fields have been harvested since January this year. To date, 1,779 acres have been harvested, yielding more than 19 baskets per acre.

"Haricot bean cultivation has expanded beyond the target area. We have provided farmers with good quality seeds, inputs, and post-harvest technology to improve the yield and quality of the crop," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In Mawlaik Township, farmers who grow haricot beans have been provided with awareness-raising activities by the Township Agriculture Department to help them expand their cultivated areas, improve their yields, and cultivate good varieties using the GAP system. **SK**



Pyithu Hluttaw Speaker U Khin Yi waters a sapling.

►► From Page - 18

by climate change, which will intensify multiple types of natural disasters. The central dry zone of Myanmar consistently ranks among the hottest regions globally. Temperatures in Chauk reached 48.2 degrees Celsius in 2024, 45.3 degrees Celsius in 2025, and 44.9 degrees Celsius this year. Moreover, temperatures in 12 major towns across the area exceeded 41 degrees Celsius.

In particular, forecasts indicate that a very strong Super El Niño could develop by the end of this year, while 2026 and 2027 are expected to be among the hottest years on record globally. The combined effects of climate change and El Niño may lead to severe droughts, extreme heatwaves, and forest fires, potentially affecting key sectors such as agriculture, livestock, public health, and the economy. Therefore, it is essential to make advance preparations and implement appropriate mitigation measures.

Among the many approaches to addressing climate change and environmental challenges facing the world today, tree planting and forest conservation are among the simplest, most practical, and most cost-effective solutions. These efforts are accessible to everyone, environmentally sustainable, and provide significant benefits for both people and nature.

It can be observed that the 13 districts within the Dry Zone, as well as major towns in the central region that experience high temperatures, have sparse and dry forest cover, with relatively low percentages of forested land. According to studies, more than 60 million trees were planted in the 13 Dry Zone districts between 2016 and 2025, which is estimated to be equivalent to over 200,000 acres of forest cover. During the same period, more than 269.8 million trees of various species were planted across Myanmar, equivalent to approximately one million acres in total. Although timber is utilized for various purposes as needed, the loss of forests can be fully prevented if every tree planted is properly nurtured and survives. Furthermore, through systematic forest management, protection, and conservation measures to prevent the degradation and destruction of natural forests, forest cover can be expanded, thereby helping to mitigate and adapt to the impacts of climate change.

Therefore, when planting trees, it is extremely important to ensure that every tree planted survives. It was further emphasized that only healthy and vigorous seedlings that are at least two years old and more than two feet in height should be used for planting. In line with the saying, **"Plant trees when the soil is moist,"** the current monsoon season is the most suitable time for tree planting, as rainfall softens and moistens the soil while providing sufficient water for young trees to establish roots and grow successfully. If trees are planted in a timely manner during the monsoon season, they will receive adequate moisture, resulting in better growth and survival rates, and will be able to withstand and survive the hot and dry summer months more effectively.

As tree planting and forest conservation are long-term endeavors, it is essential to carry out these activities continuously on an annual basis. The success of tree-planting and forest-conservation efforts depends on the collective participation and cooperation of the responsible ministry, relevant government agencies, regional and state governments, and the public. Therefore, all stakeholders must work together in an organized manner and actively contribute to these initiatives.

Forests are a vital foundation for economic development, playing a crucial role in regulating the climate and preserving valuable natural resources. Therefore, forest conservation should be regarded as **an important investment in the future**, and efforts to protect and expand forest resources must be further strengthened to support stable, sustainable, and long-term economic growth.

We must advance environmental conservation and promote nature-based economic development models, including the bio economy, green economy, and circular economy. This includes encouraging the growth of forest-based industries such as wood products, furniture manufacturing, plywood, particleboard, sawn timber processing, bamboo pulp and paper production, advanced cotton and bamboo fiber industries, and bamboo-based furniture and consumer products. To support these objectives, the development and expansion of small, medium, and large-scale enterprises must be accelerated.

The abundance of forest resources is closely linked to the country's socio-economic development, and increasing forest cover contributes significantly to the enhancement of ecosystem services. To promote sustainable development and environmental conservation, the government has set targets of designating 30 percent of the country's total land area as reserved and protected forests and 10 percent as protected natural areas. To date, 1,337 reserved and protected forests have been established, covering 26.11 percent of the country's land area, while 62 protected natural areas have been designated, covering 6.59 percent. Continued collective efforts are needed to achieve these national conservation goals.



Amyotha Hluttaw Speaker U Aung Lin Dway waters a sapling.

Forest plantations are being established every year while plans are underway to plant 30,000 acres of forest trees or **21.36 million of trees** across the country during this rainy season. As special greening tasks, trees are being planted by relevant departments in cooperation with local people in 13 districts in the dry zone, along railroads, on both sides of the ASEAN highway and roads, in Bagan ancient cultural zone, in areas around the Inlay lake and coastal regions.

In accordance with the motto **"Let us protect our environment for the prosperity of the Nation,"** it is necessary to speed up tree-planting and forest conservation to stabilize and improve ecosystems, to make the entire country green and pleasant and to reduce the impacts of climate change. Therefore, from individual people to regional and departmental organizations are urged to cooperate for forest conservation as a national responsibility to accelerate tree-planting, to carry out conservation tasks to ensure that every tree planted thrives and to expand forest coverage across the country.

Then, the President led the campaign by planting a mahogany tree at a designated place.

Afterward, Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Speakers of the Hluttaws, the Commander-in-Chief of Defence Services, the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army), union-level officials and union ministers, deputy ministers, departmental staff from ministries and rectors, pro rectors, senior lecturers and basic education principals and students from universities, colleges and basic education schools in Nay Pyi Taw and officials simultaneously planted trees cheerfully.

Then, the President and party observed the cheerful tree-planting activities of attendees to the first rainy season national level tree-planting ceremony-2026.

At the rainy season national level tree-planting ceremony today, a total of 3,000 trees from 16 plant varieties including flowering plants like Mesua ferrea, star flower tree, Cassia siamea, gold mohur, Queen crepe myrtle, treasure woods like teak, Xylia dolabriformis, padauk, rosewood and mahogany and evergreen trees like Chukrassia tabularis, oil Eugenia, Mary, Cajeput tree, Gmelina arborea and Cedrela febrifuga.

Myawady

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ပန်းလောင်မြစ်အတွင်းသို့ ငါးသားပေါက်အကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ပေး

မြစ်သား ဇွန် ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စု မောင်းကွေးကျေးရွာအနီးရှိ ပန်းလောင်မြစ်အတွင်းသို့ ငါးသားပေါက်အကောင်ရေ သုံးသိန်းငါးမျိုးစိုက်ထည့်ပေးခြင်းအခမ်းအနားကို ဇွန်လ ၁၂ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းအောင်၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေဝေ၊ မြစ်သားမြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဒေါ်နီလာအေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေကြည်၊ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးသယံဇာတများ စဉ်ဆက်မပြတ်ရရှည်ထိန်းသိမ်းရန်၊ ငါးမျိုးကောင်း မျိုးသန့်များ ရရှည်တည်တံ့ပြန့်ပွားစေရန်နှင့် ငါးရိက္ခာများ ရရှည်စားသုံးနိုင်ရန်ရည်ရွယ်၍ မောင်းကွေးကျေးရွာအနီးရှိ ပန်းလောင်မြစ်အတွင်းသို့ ရွှေဝါငါးကြင်းအကောင်ရေ တစ်သိန်း ငါးသောင်းနှင့် ငါးမြစ်ချင်းအကောင်ရေ တစ်သိန်းငါးသောင်း စုစုပေါင်း ငါးသားပေါက်အကောင်ရေသုံးသိန်းကို ငါးမျိုးစိုက်ထည့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)



ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများကျင်းပ

စဉ့်ကိုင် ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာမူလတန်းကျောင်း(သင်္ဘတုံ)တို့ပူးပေါင်း၍ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှုနိုးမြှင့်တင်ရေးအတွက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့်နံရံကပ်စာစောင်ပြပွဲများကို ဇွန်လ ၁၂ ရက်က သင်္ဘတုံကျေးရွာရှိ ဘဝအလင်းသစ်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက် - ၃ က ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်အတွက်အကျိုးပြုမည့် အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများပေါ်ထွန်းလာစေရန်၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နှုတ်မှစွမ်းရည်များတိုးတက်လာစေရန်၊ လူအများအလယ်တွင် ရဲ့ဝံ့စွာပြောဆိုတတ်စေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိလာပြီး စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူတစ်ဦးက ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ အသက်အရွယ်အပိုင်းအခြားများ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဆက်သွယ်တိုင်ကြားနိုင်မည့်နည်းလမ်းများ စသည့်အကြောင်းအရာတို့ကို အသိပညာပေးရှင်းလင်းဟောပြောသည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကိုကျင်းပရာ အခြေခံပညာမူလတန်းကျောင်း(သင်္ဘတုံ)မှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသောကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ရောင်စုံခဲတံနှင့်ဆေးရောင်ခြယ်စာအုပ်များ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

ဓနုဖြူမြို့နယ်၌ စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူများအတွက် သွင်းအားစုများ ပံ့ပိုးပေးအပ်

ဓနုဖြူ ဇွန် ၁၃


ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်အတွင်း စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူများအတွက် သွင်းအားစုများ ပံ့ပိုးပေးအပ်ခြင်းကို ဇွန်လ ၁၂ ရက်က အင်္ဂလာကျေးရွာအုပ်စု အင်္ဂလာကျေးရွာ သဒ္ဓမ္မရံသီဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးမင်းက ဒေသခံတောင်သူများအား လယ်တစ်ဧကာ အထွက်နှုန်းတိုးတက်စေရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဦးတို့က အမှာစကားများ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စိုက်ပျိုးမြေဧကာ ၁၄၁ ဒသမ ၃ ဧကတွင် စံပြကွက်ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသားတောင်သူ ၁၃ ဦးထံ ငွေကျပ်သိန်း ၁၁၀ နှင့်ညီမျှသော သွင်းအားစုမြေဩဇာအိတ် ၁၀၀ ကို ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာသော တောင်သူများက တင်ပြဆွေးနွေးပြီး ဒေသခံတောင်သူများ၏တင်ပြချက်အပေါ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက သမဝါယမစနစ်ဖြင့် စုပေါင်းဆောင်ရွက်သည့် စနစ်တကျ လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်၍ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

အောင်ပြည့်ဖြိုး(ဇော်)(ပြန်/ဆက်)



ဝေါမြို့နယ်၌ ဇီဝမီးသွေးမြေဩဇာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြသ



ဝေါ ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်ဝေါမြို့နယ် လယ်ယာအမှတ် (၇၉၈) ဦးပိုင်အမှတ် (၄/၂) တောင်သူဦးမြင့်ဝင်း၏ လယ်မြေ ၁၃ ဧကခွဲ ဇီဝမီးသွေးမြေဩဇာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ဇွန်လ ၁၂ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးထိုက်က ဇီဝမီးသွေးမြေဩဇာအပူပေးရမည့်လုပ်နည်းအဆင့်ဆင့်နှင့် လိုအပ်သည့်ပစ္စည်းများ ထည့်သွင်းအသုံးပြုရန်နှုန်းထားများ၊ ပေါင်းခံရည်ထုတ်လုပ်သုံးစွဲမှုနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို အသိပညာပေးပြောကြားပြီး တောင်သူများအား လက်တွေ့သရုပ်ပြသသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများက ဇီဝမီးသွေးမြေဩဇာထုတ်လုပ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သရုပ်ပြသပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ရေဆင်းပေါ်ဆန်း- ၁ စိုက်ပျိုးရန် ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းများကို သရုပ်ပြသကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်၌ သန့်ရှင်းရေးဆောင်ရွက်

ကန့်ဘလူ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော်ဝင်းအတွင်း၌ ဇွန်လ ၁၃ ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက သန့်ရှင်းရေးဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက မဟာရွှေစည်ကြီးစေတီတော်ဝင်းအတွင်းရှိ ပေါင်းမြက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီအတွင်းရေးမှူး ဒုတိယရဲမှူးကြီး သန်းကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးတို့က ကြည့်ရှုကြကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ဝေါမြို့နယ်၌ ရေပြင်အသက်ကယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်



ဝေါ ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းဘေး ကန်တော်ရပ်ကွက်၌ ရေပြင်အသက်ကယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြ အခမ်းအနားကို ဇွန်လ ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းက Life Jacket ဝတ်ဆင်နည်း၊ ဆီပုံးခွံ၊ လီတာ ၂၀ ဆံ့ရေဘူးခွံနှင့် အသက်ကယ်အင်္ကျီနှင့် ရေသန့်ဘူးခွံအသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ လူမှုကရုဏာနာရေးကူညီမှုအသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ရာဖွေကယ်ဆယ်ရေးပစ္စည်းများဖြင့် ရေနစ်သူအားကယ်ဆယ်ပုံ၊ ရှေးဦးသူနာပြုစုနည်းများဖြင့်ပြုစုပုံ၊ နီးစပ်ရာဆေးရုံဆေးခန်းသို့ ပို့ဆောင်ပုံတို့ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

သဘာဝမြေဩဇာဘိုင်အိုချာထုတ်လုပ်နည်း လက်တွေ့ပြုလုပ်ပြသ

နေပြည်တော် ဇွန် ၁၃

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏဝသီရိမြို့နယ် ချိုင်းကျေးရွာတောင်သူ ဦးကျောက်၏ နေအိမ်ခြံဝင်း၌ ဒေသခံတောင်သူများအား ဇွန်လ ၁၂ ရက်တွင် သဘာဝမြေဩဇာဘိုင်အိုချာထုတ်လုပ်နည်း လက်တွေ့ပြုလုပ်ပြသခြင်းကို ဇွန်လ ၁၂ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမြင့်နိုင်က သဘာဝမြေဩဇာဘိုင်အိုချာပြုလုပ်နည်းအဆင့်ဆင့်၊ လိုအပ်သည့်ပစ္စည်း၊ ထည့်သွင်းအသုံးပြုရန် နှုန်းထားများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများကသဘာဝမြေဩဇာဘိုင်အိုချာပြုလုပ်ပုံအဆင့်ဆင့်ကို တောင်သူများအားလက်တွေ့ပြုလုပ်ပြသကြောင်း သိရသည်။ **ဒက္ခိဏဝသီရိမြို့နယ်(ပြန်/ဆက်)**

လားရှိုးမြို့၌ လူငယ်စကားဝိုင်း၊ စာအုပ်စာတော်၊ အသိပညာပေးနံရံကပ်စာတော်နှင့် ဓာတ်ပုံပြပွဲများကျင်းပ

လားရှိုး ဇွန် ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၌ လူငယ်စကားဝိုင်းကို ဇွန်လ ၁၂ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) Grade-11 ကျောင်းသူ မဝင်းလွဲရွှေရည်က “လူငယ်နှင့်အားကစား”၊ Grade-9 ကျောင်းသူ မအေးမြတ်သူက “လူငယ်နှင့်စည်းကမ်း”၊ Grade-10 ကျောင်းသား မောင်မင်းကျော်ဦးက “လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်”၊ Grade-9 ကျောင်းသား မောင်ဟိန်းလင်းသန့်က “လူငယ်နှင့်နည်းပညာ”၊ Grade-9 ကျောင်းသူ မသော်တာရွှေစင်ထွန်းက “လူငယ်နှင့်ပညာရေး”၊ Grade-9 ကျောင်းသူ မခင်စန္ဒာကျော်က “လူငယ်နှင့်တာဝန်ယူစိတ်” စသည့်ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များမေးမြန်းရာ ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဇင်ဇင်သန့်က လိုအပ်သည်များ ပြန်လည်ဖြည့်စွက်ဆွေးနွေးကြောင်း သိရသည်။ **လူမော် (ပြန်/ဆက်)**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

အောင်နိုင်သူ

❍ **အေးစေလို၍**
ပင်ပျိုတမာ၊ စိုက်ခဲ့ရာဝယ်
ဝင်လာမှေးမှိတ်၊ ချွေးသိပ်ပြီးကာ
အားသစ်ဖြာမှ၊ ရသာ ခါးသက်
သိပါလျက်နှင့်
နှစ်သက် မက်မော၊ စိုက်ရန့်လော ဟု
အတောမသတ်၊ သူ ပုတ်ခတ်၏။

❍ **မွေးစေလို၍**
အေးချိုနှင်းဆီ၊ ပျိုးမိသည်တွင်
ရှုအိမငြီး၊ ပန်ဆင်ပြီးမှ
ထန်သည်းပြစ်တင်၊ ဒေါသဝင်လျက်
ဆူးပင်ဆူးတော၊ ပျိုးရန့်လောဟု
အတောမသတ်၊ သူ ပုတ်ခတ်၏။


❍ **တွေးစေလို၍**
စာတိုပေစ၊ ကျွမ်းသမျှဖြင့်
အလှကဗျာ၊ ခြယ်မိရာဝယ်
အကာပြွပြွ၊ အနှစ်မဲ့လျက်
လက်တည့်ဟန်နော၊ ရေးရန့်လောဟု
အတောမသတ်၊ သူ ပုတ်ခတ်၏။

❍ **ညော်... ငါဘာလုပ်လုပ်၊ အဟုတ်မထင်**
သူငြိုငြင်၍ ၊ နင်ပဲဆ
အပြစ်ချလျက်
အလှမဖွေ၊ ရှိပါချေလည်း
“ဧနေတိသဒိသံ၊ ပါကံ” ဟူဘိ
ဆိုထုံးရှိ၏။
မိမိရှေးရှု၊ ပြုအမူနှင့်
တူသောအကျိုး၊ ပေးတတ်ရိုးတည့်။

❍ **မိုးအောက်မြေပြင်၊ ဤလူ့ခွင်ဝယ်**
ဝန်းကျင်မုန်တိုင်း၊ ဘယ်သို့ရိုင်းလည်း
လှိုင်းဒဏ်လေဒဏ်၊ ငါကြံ့ခံလျက်
အားမာန်ဝေစီ၊ ရှေ့သို့ချီသော်
အောင်စည် အောင်မောင်း၊ ခြိမ့်ခြိမ့်ညောင်းလိမ့်
အကြောင်းသော်ကား၊ ငါ့ သည်းကြားဝယ်
အားထားယှဉ်တွဲ၊ စဉ်အမြဲလျှင်
သဟဲဆွေညာ၊ သုံးဖော်ပါသည်
မေတ္တာ စေတနာ ကရုဏာ။ ။

မြင်းမူမောင်နိုင်မိုး

စွမ်းအင်များကို ရေအောက်ထဲသို့ ကြိုးမဲ့စနစ်ဖြင့် ပို့ပေးနိုင်မယ့်နည်းပညာ



NUBURU နဲ့ SunCubes ကုမ္ပဏီတို့ပူးပေါင်းပြီး စွမ်းအင်တွေကို ရေအောက်ထဲသို့ ကြိုးမဲ့စနစ်ဖြင့်ပေးပို့နိုင်မယ့် နည်းပညာအသစ်တစ်ခုကို စတင်ဖော်ထုတ်နေပြီဖြစ်ပါတယ်။ အဆင့်မြင့် အပြာရောင်လေဆာနဲ့ ကာကွယ်ရေးဆိုင်ရာ ဖိုတွန်းနစ်နည်းပညာများကို တီထွင်နေတဲ့ NUBURU ကုမ္ပဏီဟာ အီတလီနည်းပညာကုမ္ပဏီတစ်ခုဖြစ်တဲ့ SunCubes နဲ့ လက်တွဲလိုက်တာပါ။ ဒီပူးပေါင်းမှုအရ NUBURU ရဲ့ လက်အောက်ခံ Lyocon ကုမ္ပဏီကနေ SunCubes ရဲ့ "DEEP LIGHT" လို့ခေါ်တဲ့ ရေအောက်ကြိုးမဲ့စွမ်းအင်စနစ်မှာသုံးဖို့ အထူးပြု အပြာရောင်လေဆာစနစ်ကို ပုံစံထုတ်ဒီဇိုင်းဆွဲပေးသွားမှာဖြစ်ပါတယ်။

ဒီစီမံကိန်းဟာ သူတို့နှစ်ဦးကြားပထမဆုံးလက်တွေ့အကောင်အထည်ဖော်တဲ့ ရေအောက်ကြိုးမဲ့စွမ်းအင်စနစ်ရဲ့ ရှေ့ပြေးပုံစံဖြစ်ပါတယ်။ ရေငုပ်သင်္ဘောယဉ်တွေ (AUVs) နဲ့ ရေအောက်စနစ်တွေဆီကို ကြိုးမဲ့စနစ်နဲ့ စွမ်းအင်တွေပေးပို့နိုင်ဖို့ ရည်ရွယ်ထားတာဖြစ်ပြီး ရေအောက်လုပ်ငန်းခွင်တွေရဲ့လည်ပတ်ပုံကို အကြီးအကျယ်ပြောင်းလဲပစ်နိုင်တယ်လို့ ဆိုပါတယ်။

DEEP LIGHT စနစ်ဟာ ကြိုးတွေ၊ ပလတ်တွေ ချိတ်စရာမလိုဘဲ အပြာ-အစိမ်းရောင် အလင်းစဉ်ကိုသုံးပြီး မီတာဆယ်ဂဏန်းအထိ အကွာအဝေးကိုစွမ်းအင်လွှဲပြောင်းပေးနိုင်တဲ့ပုံစံမျိုးပါ။ အပြာရောင်နဲ့ အပြာ-အစိမ်းရောင် အလင်းတန်းတွေဟာ ရေထဲမှာ အလင်းအားလျော့ကျမှုအနည်းဆုံးဖြစ်တာကြောင့် ရေအောက်ပတ်ဝန်းကျင်မှာ စွမ်းအင်နဲ့ဒေတာတွေကို အထိရောက်ဆုံး သယ်ဆောင်ပေးနိုင်ပါတယ်။

ဒီနည်းပညာကြောင့် လက်ရှိကမ္ဘာတစ်ဝန်းမှာ စိတ်ဝင်စားမှုမြင့်တက်နေတဲ့ ရေအောက်လုံခြုံရေး၊ ကမ်းလွန်စွမ်းအင်နဲ့ ရေအောက်အခြေခံအဆောက်အအုံ ကာကွယ်ရေးကဏ္ဍတွေအတွက် များစွာအထောက်အကူပြုလာမှာပါ။ NUBURU အနေနဲ့လည်း ဒီပူးပေါင်းမှုကနေတစ်ဆင့် ဒေါ်လာဘီလီယံချီတန်တဲ့ ရေအောက်နည်းပညာဈေးကွက်ဝေစုရရှိဖို့ မျှော်လင့်ထားပါတယ်။

ဒီနည်းပညာဟာ ရေအောက်ထဲမှာတင် စွမ်းအင်ပြန်ဖြည့်ပေးနိုင်တဲ့စနစ်မျိုးဖြစ်တာကြောင့် ရေငုပ်သင်္ဘောယဉ်တွေအားပြန်သွင်းဖို့အတွက် ရေပေါ်ကို ခဏခဏ ပြန်တက်လာရတဲ့အခက်အခဲကိုပါ ဖြေရှင်းပေးနိုင်မှာပါ။ ဒါကြောင့် လုပ်ငန်းခွင်အန္တရာယ်တွေကို လျော့ချပေးနိုင်မယ့်အပြင် ရေအောက်ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွေကို စစ်ဆေးတာ၊ ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် စောင့်ကြည့်တာ စတဲ့ ကာကွယ်ရေးနဲ့ စီးပွားရေးလုပ်ငန်းတွေကို အရင်ကထက် ပိုမိုမြန်ဆန်ပြီး စရိတ်သက်သက်သာသာနဲ့ ရေရှည်လုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ လက်ရှိမှာ ဒီနည်းပညာက နည်းပညာပိုင်းဆိုင်ရာ အပြီးသတ်အတည်ပြုချက်တွေရယူဖို့ ကျန်သေးပေမယ့်လည်း ဒီစနစ်သာအောင်မြင်သွားရင် ကဏ္ဍစုံမှာအချိန်ကြာမြင့်စွာရေငုပ်ပြီးလုပ်ငန်းတွေဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ **Ref: IE**

ကိုထက်



Touch Screen ပါလာဖို့သေချာနေတဲ့ MacBook

Apple ကုမ္ပဏီကထုတ်လုပ်ထားတဲ့ MacBook ဆိုတာ စွမ်းဆောင်ရည်ပိုင်းမှာ ဘယ်သူမှလိုက်မမီနိုင်တဲ့ လပ်တော့်တစ်လုံးဖြစ်တာကြောင့် ကမ္ဘာကျော်နေရတာဖြစ်ပါတယ်။ ဒါပေမဲ့ သူသည်လည်း တခြားသောလပ်တော့်များနဲ့ယှဉ်ရင် နောက်ကျနေတဲ့အပိုင်းတွေရှိပါတယ်။ အထင်ရှားဆုံးကတော့ Touch Screen မရသေးတာပါပဲ။ တခြားအမှတ်တံဆိပ်နဲ့လပ်တော့်တွေမှာတော့ Touch Screen ရနေတာကြာပါပြီ။ နည်းပညာဂုရုကြီးအဖြစ်တင်စားခံထားရတဲ့ Apple မှာသာမရသေးတာပါ။

MacBook ဖန်သားပြင်ကြီးတစ်ခုလုံးက Touch Screen မဖြစ်သေးပေမယ့် နောက်ဆုံးထွက်ရှိထားတဲ့ macOS Golden Gate မှာတော့ MacBook အတွက် Touch Screen ဖြစ်ပေးမယ့်အရာတစ်ခုနဲ့ပေါင်းစပ်နိုင်လာပြီဖြစ်ပါတယ်။ အဲဒီအတွက် iPad ကိုအသုံးပြုရမှာပါ။ ဒုတိယဖန်သားပြင်တစ်ခုအနေနဲ့ဖြစ်ပါတယ်။ ဒါ့အပြင် Touch အနေနဲ့အသုံးပြုလို့ရမယ့် လုပ်ဆောင်ချက်တချို့ပါဝင်လာတာကိုလည်း တွေ့ရပါတယ်။

အခုတော့ ဒီအခြေအနေတွေအားလုံး ပြောင်းလဲသွားတော့မယ့်အနေအထားရှိနေပါတယ်။ တချို့သောကောလာဟလဖြန့်သူများကလည်း Apple ကုမ္ပဏီက အခုထုတ်မယ့် MacBook မှာ Touch Screen ပါလာတော့မယ်လို့ ပြောဆိုနေကြတာတွေလည်း တွေ့ရပါတယ်။ ဒါပေမဲ့ မယုံတစ်ဝက်ယုံတစ်ဝက်နဲ့ပေါ့။ ဒါကလည်း သတင်းပေါက်ကြားမှုဆိုတိုင်း ယုံကြည်လို့မရတဲ့အခြေအနေကြောင့်ပါ။ လက်ရှိမှာတော့ တရုတ်နိုင်ငံမှ နည်းပညာလျှို့ဝှက်သတင်းတွေကိုဖောက်သည်ချသူဖြစ်တဲ့ Instant Digital ကနေ ဒီအကြောင်းကိုပဲ ထပ်မံပြီးအတည်ပြုပြောလာပြန်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ MacBook ရဲ့ဘယ်အမျိုးအစားမှာ Touch Screen ပါလာမယ်ဆိုတာကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါဘူး။ သူတို့အနေနဲ့ အရင်တုန်းကထုတ်ပြန်ထားတဲ့သတင်းအရဆိုရင် MacBook Ultra မှာ Touch Screen ပါလာနိုင်ဖွယ်ရှိနေတာကိုတွေ့ရပါတယ်။

တကယ်လို့သာ Apple က MacBook မှာ Touch Screen ကိုထည့်သွင်းလာမယ်ဆိုရင် OLED Display ကိုအသုံးပြုလာဖွယ်ရှိနေပါတယ်။ ဒါ့အပြင် iPhone တွေမှာလိုမျိုးပဲ MacBook မှာလည်း Dynamic Island ကြိုးပါလာနိုင်ပါတယ်။ နောက်တစ်ချက်က အသစ်ထွက်ရှိလာမယ့် MacBook တွေမှာ M6 chip တွေကိုအသုံးပြုလာနိုင်တယ်လို့လည်းဆိုပါတယ်။ အကယ်၍ အဲဒီ chip တွေကိုသာအသုံးပြုမယ်ဆိုရင် MacBook တစ်လုံးရဲ့စွမ်းရှုန်းက အနည်းငယ်တော့မြင့်တက်လာမှာပါ။ တချို့ရဲ့ခန့်မှန်းချက်အရဆိုရင်တော့ Touch Screen လည်းပါမယ်။ M6 chip ကိုလည်းအသုံးပြုထားမယ်ဆိုရင် သူ့ရဲ့စွမ်းရှုန်းက လက်ရှိ MacBook Pro များရဲ့စွမ်းရှုန်းထက် ၂၀ ရာခိုင်နှုန်းမြင့်မားနေဖွယ်ရှိတယ်လို့ဆိုပါတယ်။ **Ref: GA**

ကိုထက်

မြင်းကောင်ရေ ၁၅၅၂ ကောင်အားအထိပါဝင်လာမယ့် BYD ရဲ့ Denza Z



တရုတ်မော်တော်ကားကုမ္ပဏီ BYD ရဲ့ ပရီမီယံအမှတ်တံဆိပ်ဖြစ်တဲ့ Denza ဟာ အခုနောက်ဆုံးမှာ မိသားစုစီးကားတွေထုတ်တဲ့ လမ်းကြောင်းဟောင်းမှလုံးဝခွဲထွက်ပြီးမောင်းနှင်ရတာကို အသားပေးထားတဲ့ "Denza Z" လို့ခေါ်တဲ့ အဆင့်မြင့်လျှပ်စစ်စွမ်းအင်သုံးပြိုင်ကားအသစ်ကိုမိတ်ဆက်ဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ပြည်တွင်းကားထုတ်လုပ်ခွင့်လျှောက်ထားတဲ့ လုပ်ငန်းစဉ်အတွင်းမှာ ဒီကားရဲ့ နည်းပညာဆိုင်ရာ အချက်အလက်တွေ ထွက်ပေါ်လာခဲ့တာပါ။

ဒီပြိုင်ကားအသစ်ရဲ့ထူးခြားချက်က ရိုးရိုးအိမ်စီးကားတွေနေရာမှာ မြင်းကောင်ရေ ၁၅၅၂ ကောင်အားအထိ အံ့သြစရာကောင်းလောက်အောင် ထွက်ရှိမယ့် မော်တာသုံးလုံးစနစ်ကို အသုံးပြုထားတာဖြစ်ပါတယ်။ ရှေ့ဘီးတွေအတွက် မော်တာတစ်လုံး၊ နောက်ဘီးတွေအတွက် မော်တာနှစ်လုံး တွဲဖက်မောင်းနှင်မှာဖြစ်ပြီး သုည‌ကနေ ၁ နာရီ ကီလိုမီတာ ၁၀၀ အထိအရှိန်ကို ၂ စက္ကန့်တည်းနဲ့ အရောက်ပြေးနိုင်မှာပါ။ ဒါကြောင့် ဥရောပနာမည်ကြီး ပြိုင်ကားတွေကို ဈေးကွက်ထဲမှာ တိုက်ရိုက်စိန်ခေါ်လာမယ့် တရုတ်လျှပ်စစ်ကားလောကရဲ့ ရှေ့ပြေးပုံစံ သမိုင်းမှတ်တိုင်တစ်ခုလို့ ပြောလို့ရပါတယ်။

ဒီကားကိုဝယ်ယူသူတွေအနေနဲ့ လာမယ့် ဇူလိုင်လမှာစတင်ဝယ်ယူနိုင်မှာဖြစ်ပြီး ပုံစံနှစ်မျိုးကိုရွေးချယ်နိုင်မှာဖြစ်ပါတယ်။ ပထမတစ်မျိုးကတော့ အမိုးဖွင့်လို့ရတဲ့ လူလေးယောက်စီးပုံစံဖြစ်ပါတယ်။ အမိုးဖွင့်ဖြစ်တဲ့အတွက် ကိုယ်ထည်ပိုင်းခိုင်ခံ့အောင် အားဖြည့်ထားရလို့ ကားအလေးချိန်က ၂၂၉၀ ကီလိုဂရမ် ရှိပြီး အမြင့်ဆုံးအရှိန်ကို ၁ နာရီ ၃၀၀ ကီလိုမီတာအထိ မောင်းနှင်နိုင်မှာ ဖြစ်ပါတယ်။

ဒုတိယပုံစံက သာမန်အမိုးနဲ့ဖြစ်ပါတယ်။ အမိုးဖွင့်ပုံစံထက်အမြင့် ၂၀ မီလီမီတာပိုနိမ့်ပြီး ကားအလေးချိန်လည်း အနည်းငယ်ပိုပေါ့ပါတယ်။ အထူးသဖြင့်ပြိုင်ကွင်းမှာမောင်းချင်သူတွေအတွက် သီးသန့်ထွက်လာမယ့် Sports Package မှာဆိုရင်တော့ ပိုကြီးမားတဲ့ ဘမ်ပါတွေ၊ နောက်ပိုင်းလေပင့်တွေနဲ့ ၂၁ လက်မအရွယ် တာယာဆိုက်အကြီးတွေ ပါဝင်လာမှာပါ။ ဒီ Sports မော်ဒယ်ဟာ အမြင့်ဆုံးအရှိန် ၁ နာရီ ၃၅၀ ကီလိုမီတာအထိ ပြေးနိုင်မှာဖြစ်လို့ နာမည်ကြီးတဲ့ Mercedes-AMG ပြိုင်ကားတွေကိုတောင် အသာစီးရမယ့် အနေအထားမှာရှိပါတယ်။

နည်းပညာပိုင်းမှာ BYD ရဲ့ ကိုယ်ပိုင် LFP ဘက်ထရီနည်းပညာကိုသုံးထားပြီး အလွန်မြန်ဆန်တဲ့အားသွင်းစနစ်ပါဝင်မှာပါ။ ဒါ့အပြင် လမ်းအခြေအနေအလိုက် အလိုအလျောက် အနိမ့်အမြင့်ညှိပေးနိုင်မယ့် DiSus-M suspension စနစ်နဲ့ DiPilot 5.0 ဉာဏ်ရည်တု စမတ်မောင်းနှင်မှုစနစ်တွေလည်း တပ်ဆင်ထားပါတယ်။ အခုလို စွမ်းဆောင်ရည်မြင့်ပြိုင်ကားကို ချပြလိုက်တဲ့အချိန်ဟာ Denza အတွက် ရောင်းအားပြန်တက်လာမယ့်အချိန်ဖြစ်တယ်လို့ဆိုပါတယ်။ **Ref: AE**

ကိုထက်

ဟဲဟိုးမြို့နယ်နှင့်အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇွန် ၁၃

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟဲဟိုးမြို့နယ်၊ အင်းခေါင်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါကျေးရွာရှိ အင်းခေါင်းသန်းခေါင်မွေတော်ဘုန်းတော်ကြီးကျောင်း၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၁၆ ဦးတို့အား သွားနှင့်ခံတွင်းရောဂါ၊သွေးတိုးရောဂါ၊အရိုးအကြောရောဂါ၊ အရေပြားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး Ultra Sound စက်ဖြင့် စမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဆီးချိုစစ်ပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ကျော်ဖုံးမှအဆက်

လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့အပါအဝင် မြို့နယ် ၁၂ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၇ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၏ ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချို့နွံယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်နိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။



ကြိုဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ယနေ့ နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အခြေခံပညာကျောင်းများ၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ရီးယဲလ်မက်ဒရစ်အသင်းက လူကာမိုဒရစ်အား ရာထူးတစ်နေရာဖြင့် အသင်းထဲ ပြန်လည်ခေါ်ယူရန် စီစဉ်လျက်ရှိ



မက်ဒရစ် ဇွန် ၁၃

ရီးယဲလ်မက်ဒရစ်အသင်းက အသင်းကစားသမား ဟောင်းတစ်ဦးဖြစ်သည့် လူကာမိုဒရစ်အား ရာထူးတစ်နေရာဖြင့် အသင်းထဲ ပြန်လည်ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

လူကာမိုဒရစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အေစီမီလန်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမား ဘဝမှအနားယူကြောင်း အတည်ပြုကြေညာထားသူဖြစ်သည်။

လူကာမိုဒရစ်သည် လက်ရှိတွင် အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းနှင့်အတူ ပါဝင်ကစားနေသော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူမည်ဖြစ်သည်။

အသက် ၄၀ အရွယ် လူကာမိုဒရစ်သည် ၂၀၁၂ ခုနှစ်က စပါးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီး အသင်းတွင် ဆယ်စုနှစ်တစ်ခုကျော်ကြာကစားခဲ့ကာ ဆုဖလားများစွာဆွတ်ခူးနိုင်ပြီးနောက် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ရီးယဲလ်မက်ဒရစ်အသင်းနှင့်လမ်းခွဲ၍ အေစီမီလန်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်း၌ကျင့်သစ်အဖြစ် ပီရက် ဆက်လက်တာဝန်ယူပြီးနောက် အသင်းနည်းပြအပြောင်းအလဲ လုပ်ဆောင်သည့်အပြင် လူကာမိုဒရစ်မတိုင်မီကလည်း ကစားသမားဟောင်းများဖြစ်သည့် ပီပီကို နည်းပြအဖွဲ့ဝင်အဖြစ် ခေါ်ယူသကဲ့သို့ တိုနီခရူးကိုလည်း နည်းစနစ်ဒါရိုက်တာအဖြစ် ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

လူကာမိုဒရစ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၉၇ ပွဲအထိ ပါဝင်ကစားပေးခဲ့ကာ အသင်းဂန္ထဝင်ကစားသမားအဖြစ် သတ်မှတ်ခံရပြီး ချန်ပီယံလိဂ်ဖလားခြောက်ကြိမ်၊ စပိန်လာလီဂါဖလားလေးကြိမ်အပါအဝင် တခြားဆုများစွာကိုလည်း ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ၂၀၁၈ ခုနှစ်က စီရော်နယ်ဒို နှင့် မက်ဆီတို့ကိုကျော်ဖြတ်၍ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုပါ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref:Fabrizio Romano

ဘရာဇီးအသင်းမှ နေမာ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အားလုံးကို လွဲချော်မည်

ရီယိုဒီဂျနေးရိုး ဇွန် ၁၃

ဘရာဇီးအသင်းတိုက်စစ်ကစားသမားနေမာအနေဖြင့် ခြေသလုံးကြွက်သားဒဏ်ရာမှာ ကြံ့ခိုင်မှုမပြည့်ဝသေးသည့်အတွက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အားလုံးကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

နေမာသည် လက်ရှိတွင် အသင်းနှင့်အတူပူးပေါင်းလေ့ကျင့်မှုများ လုပ်ဆောင်နေပြီဖြစ်သော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ အနားယူရန်လိုအပ်နေပြီး ဘရာဇီးအသင်း၏ အုပ်စုပွဲစဉ်သုံးပွဲဖြစ်သည့် မော်ရိုကို အသင်း၊ ဟေတီအသင်းနှင့် အီဂျစ်အသင်းတို့နှင့် ယှဉ်ပြိုင်မည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

နေမာသည် နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများကြောင့် ဘရာဇီးအသင်း၌ ကာလအတန်ကြာပါဝင်ကစားခွင့်မရရှိဘဲ လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှသာ နည်းပြအန်ဆယ်လော့တီ၏ ယုံကြည်မှုနှင့်အတူ အသင်းကစားသမားစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။ နေမာသည် ပြိုင်ပွဲမစတင်မီ ခြေသလုံးကြွက်သားဒဏ်ရာရရှိသည့်အတွက် အနားယူရမည်ဖြစ်ပြီး အုပ်စုပွဲစဉ်အားလုံးလွဲချော်မည်ဖြစ်သော်လည်း ဘရာဇီးအသင်း ၃၂ သင်းရှိုးထွက်အဆင့် တက်ရောက်နိုင်မှသာ ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref:Fabrizio Romano

ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် တိုက်စစ်ကစားသမား လီဝန်ဒေါစကီး ချီကာဂိုဖိုင်းယားအသင်းသို့ ပြောင်းရွှေ့ကစားရန်နီးစပ်နေ

ဝါရှင်တန် ဇွန် ၁၃

ဘာစီလိုနာအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီးသည် မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားအသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

လီဝန်ဒေါစကီးသည် ဘာစီလိုနာအသင်းနှင့် ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ၎င်း၏အသက်အရွယ်အပိုင်းအခြားကြောင့် ဘာစီလိုနာအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုခြင်းမရှိသည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာခဲ့ခြင်းဖြစ်သည်။

လီဝန်ဒေါစကီးကို ဆော်ဒီထိပ်တန်းကလပ်အသင်းများက မြင့်မားသည့်လုပ်ခလစာဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း လီဝန်ဒေါစကီးကိုယ်တိုင်က ဆော်ဒီပရိုလိဂ်ပြိုင်ပွဲထွက် မေဂျာလိဂ်ပြိုင်ပွဲသို့သာ ပြောင်းရွှေ့ကစားလိုသည့်အတွက် ချီကာဂိုဖိုင်းယားအသင်းသို့ပြောင်းရွှေ့ကစားရန် နီးစပ်နေခြင်းဖြစ်သည်။

လက်ရှိတွင် လီဝန်ဒေါစကီး၏ အေးဂျင့်ဖြစ်သူ ပီနီဇာဟာဗီသည် အမေရိကန်နိုင်ငံသို့သွားရောက်ကာ ချီကာဂိုဖိုင်းယားအသင်းမှ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိပြီး အပြောင်းအရွှေ့ကိစ္စရပ်များကို လာမည့်ရက်သတ္တပတ်အတွင်း အပြီးသတ်လုပ်ဆောင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လီဝန်ဒေါစကီးသည် ချီကာဂိုဖိုင်းယားအသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် နောက်ဆုံးအဆင့်ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

Ref:Fabrizio Romano



မန်စီးတီးအသင်းက အန်ဒါဆန်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၂၀ ဖြင့် ဒုတိယအကြိမ်ကမ်းလှမ်းသော်လည်း ထပ်မံပယ်ချခံရ

မန်ချက်စတာ ဇွန် ၁၃

မန်စီးတီးအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းအတွက် နော်တင်ဟမ်အသင်းမှ လူငယ်ကွင်းလယ်ကစားသမား အန်ဒါဆန်အား မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်သည့် စတာလင်ပေါင် သန်း ၁၂၀ ဖြင့် ခေါ်ယူရန် ဒုတိယအကြိမ်ကမ်းလှမ်းသော်လည်း ထပ်မံပယ်ချခံရကြောင်း သိရသည်။

မန်စီးတီးအသင်း၏ ကွင်းလယ်ပိုင်း၌ ရိုဒရီအနေဖြင့် အနာဂတ်မရေမရာဖြစ်နေပြီး ကွင်းလယ်ပိုင်းလိုအပ်ချက်များအတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် အန်ဒါဆန်အားခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အန်ဒါဆန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နော်တင်ဟမ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းအသင်းကြီးများက အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နော်တင်ဟမ်အသင်းကလည်း ထိပ်တန်းအသင်းကြီးများက ခေါ်ယူလိုနေသည့်အတွက် အန်ဒါဆန်အား စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့်သာ လက်လွှတ်လိုသည့်အတွက် မန်စီးတီးအသင်း၏ စတာလင်ပေါင် သန်း ၁၂၀ ဖြင့် ကမ်းလှမ်းခြင်းကို ပယ်ချခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် အစောပိုင်းက အန်ဒါဆန်အားခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၆ သန်းဖြင့် ကမ်းလှမ်းသော်လည်း ပယ်ချခံရပြီး ယခုအခါတွင် ပြောင်းရွှေ့ကြေးတိုးမြှင့်ပြီး စတာလင်ပေါင် သန်း ၁၂၀ ဖြင့် ကမ်းလှမ်းသော်လည်း နော်တင်ဟမ်အသင်းက ထပ်မံပယ်ချခဲ့သည်။ နော်တင်ဟမ်အသင်းက အန်ဒါဆန်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၁၄၀ ခန့်အလိုရှိနေပြီး မန်စီးတီးအသင်းအပြင် မြို့ခံပြိုင်ဘက် မန်ယူအသင်းကလည်း အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref:One Football





မူဆယ်မြို့၊ ကောင်းမှူလွယ်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် နေအိမ်နှင့်လုပ်ငန်းနေရာအား တွေ့ရစဉ်။









မူဆယ်မြို့၊ ကောင်းမှူလွယ်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၇ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

မူဆယ်မြို့၊ ကောင်းမှူတုံရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦးတို့အား ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

◆ ကျော်ဖုံးမှအဆက်

ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမှူလွယ်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးနှင့်မြန်မာနိုင်ငံသား အမျိုးသား ၃၄ ဦး၊ အမျိုးသမီး ၃၇ ဦး၊ စုစုပေါင်း ၈၈ ဦးတို့အား ဖုန်းမျိုးစုံ ၁၈၀ လုံး၊ All In One ကွန်ပျူတာ ၄၄ လုံး၊ Power Station (အသေး) ၂ လုံး၊ Crown ကား ၁ စီး၊ Alphard ကား ၁ စီး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကောင်းမှူတုံရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၆ ဦးအား ဖုန်းမျိုးစုံ ၁၀၃ လုံး၊ Laptop မျိုးစုံ ၆ လုံး၊ All In One ကွန်ပျူတာ ၂ လုံး၊ Wifi စက် ၄ လုံး၊ CPU ၂ လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ထုတ်ပေးနေမှုကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန် ကြည့်ရှု

ဟိုပုံး ဇွန် ၁၃

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်သည် ယနေ့ နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှတာဝန်ရှိသူများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌အသက် ၁၀ နှစ်နှင့်အထက်ကျောင်းသား၊ ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များကို ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်သည်။

ယနေ့တွင် အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၅၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များထုတ်ပေးခဲ့ကြောင်း သိရသည်။ ပအိုဝ်းဒေသ(ပြန်/ဆက်)



မိမိပိုင် နိုင်ငံသား စိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အမြို့မြို့အနယ်နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပ

ပဲခူး

၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၃ ရက် နံနက်ပိုင်းတွင် ဟံသာဝတီဗုဒ္ဓဂါယာ (ရွှေဂူကြီး)ဘုရားဝင်းအတွင်း၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး အဖွဲ့ဝင်များနှင့်အတူ အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ ပိတောက်၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ငုရွှေဝါ၊ မည်စည်၊ ပျဉ်းမနှင့် မဟော်ဂနီစသည့် ပျိုးပင်စုစုပေါင်း ၁၅၀၀ ပင်ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါးစိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၄၁၀)



မုံရွာ



၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့်အတူ ပျိုးပင်များကို စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ မဟော်ဂနီ၊ ခရေ၊ မည်စည်၊ ရေတမာ၊ ပန်းမဲဇလီ၊ သပြေဘူတ စသည့်သစ်မျိုး ၁၀ မျိုး ပျိုးပင်စုစုပေါင်း ၁၅၁၀ ပင်ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါးစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပထမအကြိမ် ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ စစ်ကိုင်းခရိုင် မြင်းမူမြို့အပါအဝင် တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များ၌ ရတနာတန်းဝင်ပင်များနှင့် အရိပ်ရလေကာပင် စုစုပေါင်း ၅၆၀၀ ပင်အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

စစ်တွေ

၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်လ ၁၃ ရက်နံနက်ပိုင်းတွင် စစ်တွေလေဆိပ်ခြံဝင်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် လူမှုရေးအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ ကံ့ကော်၊ သစ်ပိတောက်၊ တမလန်း၊ ပျဉ်းကတိုးနှင့် ခရေ စသည့်ပျိုးပင်ပေါင်း ၂၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဟားခါး

၂၀၂၆ ခုနှစ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၃ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့အမှတ်(၂)အခြေခံပညာနှင့်စက်မှု စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ ပျိုးပင်များကို စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါးစိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ချင်းပြည်နယ် သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ်အတွင်း ဟားခါးမြို့နယ်နှင့် တီးတိန်မြို့နယ်တို့တွင်ပျိုးပင်မျိုးစုံ ၇၂၀၀၀ ပျိုးထောင်ထားရှိကာ ပြည်သူများထံသို့ ဖြန့်ဝေစိုက်ပျိုးခြင်းများဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့သစ်ပင်စိုက်ပွဲတွင် ချယ်ရီပင်၊ စိန်ပန်းပြာပင်၊ ရေသင်းဝင်ပင်၊ ငုပင်၊ တောင်ဇလပ်ပင်၊ ယူကလစ် စသည့် ပျိုးပင်ပေါင်း ၅၄၅ ပင်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

လွိုင်ကော်



ကယားပြည်နယ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၃ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ကန္ဒရဝတီဂေါက်ကွင်းအတွင်း၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က သတ်မှတ်နေရာများတွင် သစ်ပင်များစိုက်ပျိုးကြပြီး ဌာနဆိုင်ရာများနှင့် ပြည်သူများ၏ သစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ထေးငှားလျားရပ်ကွက်သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် နေရပ်ပြန်ပြည်သူများနှင့် သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး နေရပ်ပြန်မိသားစု ၄၂ စုအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို လည်းကောင်း၊ ကန္ဒရဝတီဘုန်းတော်ကြီးကျောင်း၌ ယာယီနေထိုင်၍ ကျောင်းတက်ရောက်လျက်ရှိသည့် ဒေါတချား(ကယား)နှင့် ဒေါတချား(ပအိုဝ်း) ကျေးရွာတို့မှ ကျောင်းသား၊ ကျောင်းသူများအား သွားရောက်တွေ့ဆုံကာ ဆန်၊ ဆီနှင့် စားသောက်စရိတ်များကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဘားအံ




ကရင်ပြည်နယ် သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးရန်အတွက် ကျွန်းနှင့်သစ်မာမျိုးစုံ အပင် ၂၁၅၀၀၀ ကို ပျိုးထောင်ထားရှိပြီး ဇွန်လ ၁၃ ရက် နံနက်ပိုင်းတွင် မိုးရာသီသစ်ပင်စိုက်ပွဲအနေဖြင့် ဘားအံမြို့နယ် မြိုင်ကလေး အမှတ်(၂) ဘိလပ်မြေစက်ရုံတန်(၄၀၀၀)၌ ကြီးမြန်သစ်မျိုးအပင် ၁၂၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၂) ဘိလပ်မြေစက်ရုံတန်(၄၀၀၀) စက်ရုံမှူးထံ ပျိုးပင်များပေးအပ်ပြီး တက်ရောက်လာသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစန်းကို၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အမှတ်(၁)နှင့် အမှတ်(၂)ဘိလပ်မြေစက်ရုံတို့မှဝန်ထမ်းများ၊ မြိုင်ကလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသော ကြီးမြန်သစ်မျိုးများဖြစ်သည့် မအူ၊ ပျဉ်းမ၊ မန်ဂျန်ရှား စုစုပေါင်းအပင် ၁၂၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြပြီး သစ်ပင်များစိုက်ပျိုးနေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

အိုမန်ပင်လယ်ကွေ့၌ သင်္ဘောများအပေါ်အမေရိကန်တိုက်ခိုက်နေမှု အိန္ဒိယက အမေရိကန်ကို အပြင်းအထန်ကန့်ကွက်



နယူးဒေလီ၊ နိုင်ငံရေး

အမေရိကန်စစ်ဘက်က အိုမန်ပင်လယ်ကွေ့၌ အိန္ဒိယသင်္ဘောသားများကိုတင်ဆောင်လာသည့် ကုန်တင်သင်္ဘောများကို တိုက်ခိုက်မှုနှင့်ပတ်သက်၍ အိန္ဒိယအစိုးရက အမေရိကန်နိုင်ငံအပေါ် ပြင်းပြင်းထန်ထန်ကန့်ကွက်လိုက်ကြောင်းသိရသည်။ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူဘရာမန်ယမ်ကျေရှန်ကာက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဗီယိုနှင့် စကားပြောစဉ် ယခုကဲ့သို့ကန့်ကွက်ကြောင်းပြောခြင်းဖြစ်သည်။

ပင်လယ်ကွေ့ဒေသအတွင်း အမေရိကန်၏တိုက်ခိုက်မှုများကြောင့် အိန္ဒိယနိုင်ငံမှ သင်္ဘောသားသုံးဦး သေဆုံးခဲ့ရကြောင်း၊ ကုန်သွယ်ရေးသင်္ဘောများအပေါ် ယခုကဲ့သို့ လူသေဆုံးမှုဖြစ်စေသည်အထိ တိုက်ခိုက်မှုများက လက်ခံနိုင်ဖွယ်မရှိကြောင်း ဂျေရှန်ကာက ဇွန်လ ၁၃ ရက်တွင် လူမှုကွန်ရက်၌တင်ထားခြင်းဖြစ်သည်။

အမေရိကန်စစ်ဘက်သည် အီရန်နိုင်ငံအပေါ်ပိတ်ဆို့ထားမှုများကို ချိုးဖောက်မှုလုပ်သည့် သင်္ဘောများကို တိုက်ခိုက်မှုများလုပ်ခြင်းဖြစ်ကြောင်းပြောသည်။ ဇွန်လ ၈ ရက်တွင် ပလောနိုင်ငံအလံလွှင့်ထားသော ရေနံတင်သင်္ဘောကိုတိုက်ခိုက်မှုလုပ်ရာ အိုမန်တာဝန်ရှိသူများက အိန္ဒိယသင်္ဘောသား ၂၄ ဦးကိုကယ်ဆယ်ခဲ့ရသည်။ ဇွန်လ ၁၀ ရက်တွင် ပလောနိုင်ငံအလံလွှင့်တင်ထားသော နောက်ထပ်သင်္ဘောတစ်စင်းကို တိုက်ခိုက်ရာ အိန္ဒိယသင်္ဘောသားသုံးဦး သေဆုံးသည်။ ဇွန်လ ၁၁ ရက်တွင်မူ ဂရိနိုင်ငံစင်္ကာပူအလံလွှင့်ထားသည့် ရေနံတင်သင်္ဘောကို အမေရိကန်ကတိုက်ခိုက်ရာ ထိုသင်္ဘောတွင် အိန္ဒိယသင်္ဘောသား ၂၀ ပါဝင်ကြောင်းသိရသည်။ **Ref: RT, ST**

အမျိုးသမီးတစ်ဦး ငါးမန်းကိုက်ခံရပြီးနောက် ဆစ်ဒနီရှိကမ်းခြေများကို ပိတ်ထား

ဆစ်ဒနီ၊ ပြည်တွင်းရေး

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိကမ်းခြေတစ်ခုဌ အမျိုးသမီးတစ်ဦး ငါးမန်းကိုက်ခံရပြီးနောက် ထိုမြို့ရှိကမ်းခြေအချို့ကို တာဝန်ရှိသူများကပိတ်ထားကြောင်းသိရသည်။ ဇွန်လ ၁၃ ရက်တွင် ကမ်းခြေတစ်ခုဌရောက်စားနေသည့် အသက် ၃၀ ကျော် အမျိုးသမီးတစ်ဦးသည် ငါးမန်းကိုက်ခံရခြင်းကြောင့် လက်များနှင့်ခြေထောက်များတွင် ပြင်းထန်ဒဏ်ရာများရရှိကာ အသက်လုနေရသည်။

ထို့နောက် ငါးမန်းကိုက်မှုဖြစ်ပွားသည့် ကူးဂီးကမ်းခြေအပါအဝင် ကလပ်ဗဲလီနှင့် ဘရွန်တေကမ်းခြေတို့ကို တာဝန်ရှိသူများက ပိတ်လိုက်ခြင်းဖြစ်သည်။ ထိုကမ်းခြေများသည် အထင်ကရကမ်းခြေဖြစ်သည့် ဘွန်ဒီကမ်းခြေမှ ၂ ကီလိုမီတာခန့်သာဝေးသည်။

မေလကလည်း အသက် ၃၉ နှစ်ရှိအမျိုးသားတစ်ဦးသည် ကွင်းစလန်းပြည်နယ် မြောက်ပိုင်းရှိ ရေတိမ်သန္ဓာကျောက်တန်းတစ်ခုဌ ငမန်းကိုက်ခံရခြင်းကြောင့်သေဆုံးထားကြောင်းသိရသည်။

Ref: ST

အီန္ဒိယ၏ စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွား

နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယလေတပ်ကအသုံးပြုနေသော AN-32 အမျိုးအစား စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းသည် နိုင်ငံအရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်၌ ဇွန်လ ၁၃ ရက်တွင်ပျက်ကျမှုဖြစ်ပွားကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါလေယာဉ်သည် ဒေသတွင်း၌ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ပေးနေသည့် အင်ဂျင်နှစ်လုံးတပ်လေယာဉ်ဖြစ်ပြီး အာသံပြည်နယ်၏မြို့တော် ဒစ္စပူရမြို့၏ အရှေ့မြောက်ဘက် ၂၉၈ ကီလိုမီတာအကွာ ကျော်ဟတ်ခရိုင်ရှိ အိန္ဒိယလေတပ်စခန်းတစ်ခုသို့ဆင်းသက်ရန်ကြိုးပမ်းစဉ် ပျက်ကျမှုဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါလေယာဉ်ပျက်ကျမှုဖြစ်ပွားပြီးနောက် တာဝန်ရှိသူများက အခင်းဖြစ်ပွားရာနေရာသို့သွားရောက်ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေပြီး လေယာဉ်ပျက်ကျမှုဖြစ်ရသည့်အကြောင်းရင်းကိုစုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးခုံရုံးကိုဖွဲ့စည်းထားသည်။ အိန္ဒိယလေတပ်သည် စစ်ဘက်နှင့်အရပ်ဘက်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရန် ထိုလေယာဉ်အမျိုးအစားအစင်းရေ ၁၀၀ ကျော်ကိုအသုံးပြုနေကြောင်းသိရသည်။

Ref: Xinhua

လာမည့်ရက်ပိုင်းအတွင်း အမေရိကန်နှင့် နားလည်မှုစာချုန်လွှာလက်မှတ်ထိုးနိုင်မည်ဟု အီရန်ပြော



တီဟီရန်၊ နိုင်ငံရေး

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့ကြားဖြစ်ပွားနေသည့်စစ်ပွဲအဆုံးသတ်နိုင်ရေးအတွက် နားလည်မှုစာချုန်လွှာတစ်ခုကို လာမည့်ရက်ပိုင်းအတွင်း လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်အာရက်ချီက ဇွန်လ ၁၂ ရက်ညပိုင်းတွင် အတည်ပြုပြောထားသည်။

နားလည်မှုစာချုန်လွှာတွင်ပါဝင်သော အချက်အလက်များကို အတည်ပြုပြီးပါက နှစ်နိုင်ငံစလုံးက သက်ဆိုင်ရာနိုင်ငံများမှ နေ၍ ဒစ်ဂျစ်တယ်နည်းအရလက်မှတ်ထိုးမည်ဖြစ်ပြီး ယင်းနောက်တွင် တရားဝင်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံပိုင် IRIB TV သတင်းဌာနနှင့်တွေ့ဆုံမေးမြန်းခန်းတွင် အာဘတ်အာရက်ချီကပြောခြင်းဖြစ်သည်။

ယင်းကဲ့သို့ နားလည်မှုစာချုန်လွှာကိုလက်မှတ်ထိုးပြီးပါက နှစ်နိုင်ငံစလုံးအနေဖြင့် နောက်ထပ်စစ်ပွဲအသစ်ကို စတင်မှမပြုရန် ကတိပြုရမည်ဖြစ်ကြောင်း၊ ယင်းနောက်တွင် ဒုတိယအဆင့်ဆွေးနွေးမှုကိုလုပ်ဆောင်မည်ဖြစ်ကြောင်း၊ အချိန်အားဖြင့် ရက်ပေါင်း ၆၀ အတွင်းဖြစ်မည်ဖြစ်ကြောင်း၊ ယင်းကာလအတွင်း နောက်ဆုံးသဘောတူညီချက်ရရှိအောင် ဆွေးနွေးရမည်ဖြစ်ပြီး အီရန်နိုင်ငံ၏ချုံကလီးယားအစီအစဉ်နှင့် အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများကိုဖယ်ရှားရန်နှင့်ပတ်သက်၍ အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း အာဘတ်အာရက်ချီကပြောသည်။

Ref: Xinhua

အီလွန်မက်က ကမ္ဘာပေါ်တွင် ပထမဆုံးသော ထရီလျံနာဖြစ်လာ

ဝါရှင်တန်၊ ပြည်တွင်းရေး

အီလွန်မက်သည် ကမ္ဘာပေါ်တွင် ပထမဆုံး ထရီလျံနာဖြစ်လာကြောင်း Forbes မဂ္ဂဇင်းက ဇွန်လ ၁၂ ရက်တွင်ဖော်ပြထားသည်။ အီလွန်မက်ပိုင်ဆိုင်သော SpaceX ကုမ္ပဏီသည် စတော့ရှယ်ယာတစ်စောင်ကို ဒေါ်လာ ၁၅၀ ဖြင့်စတင်ရောင်းချခဲ့ရာ ရှယ်ယာရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၂ ထရီလီယံနီးပါးရရှိသောကြောင့် ဇွန်လ ၁၂ ရက်နံနက်ပိုင်းအထိ အီလွန်မက်၏ ပိုင်ဆိုင်မှုမှာ ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံ ရှိလာပြီဖြစ်ကြောင်း Forbes မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

SpaceX ကုမ္ပဏီ၏ ဥက္ကဋ္ဌ၊ အမှုဆောင်ချုပ်နှင့် နည်းပညာအရာရှိချုပ်ဖြစ်သော အီလွန်မက်အနေဖြင့် အဆိုပါကုမ္ပဏီတွင် ရှယ်ယာစုစုပေါင်း ၄ ဒသမ ၈ ဘီလီယံကို ပိုင်ဆိုင်ထားသည့်အတွက် ထိုရှယ်ယာများမှ ၎င်း၏ပိုင်ဆိုင်မှုတန်ဖိုးမှာ ဒေါ်လာ ၇၁၅ ဘီလီယံဖြစ်သည်။ ထို့ပြင် အီလွန်မက်သည် တန်ဖိုးအားဖြင့် ဒေါ်လာ ဘီလီယံ ၅၀ ရှိသည့် အခြားစတော့ရှယ်ယာပေါင်းသန်း ၃၅၀ ကိုလည်း ပိုင်ဆိုင်ထားသည်။

အီလွန်မက်သည် ၂၀၁၂ ခုနှစ်၏ ကမ္ဘာ့ဘီလျံနာများစာရင်းတွင် ပိုင်ဆိုင်မှုတန်ဖိုး ဒေါ်လာ ၂ ဘီလီယံဖြင့်စတင်ပါဝင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ကမ္ဘာပေါ်တွင် ၆၄၃ ဦးမြောက် အချမ်းသာဆုံးပုဂ္ဂိုလ်သာဖြစ်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာခြင်းဖြစ်သည်။ **Ref: Forbes**



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၆-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	ဘားအံ	ဖောင်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၈၈၀	၄၀၅၅	၄၀၀၀	၃၉၉၅	၄၀၅၅	၄၀၇၀	၄၁၁၀	၃၉၇၅	၄၁၀၀	၄၄၁၀	၃၉၉၅	၄၁၂၅	၄၀၉၀	၄၀၄၅	၄၀၅၅	၄၂၇၅
95 Ron	၃၉၁၅	၄၀၉၀	၄၀၃၅	၃၉၉၅	၄၀၉၀	၄၁၀၅	၄၁၄၅	၄၀၁၀	၄၁၄၅	၄၄၄၅	၄၀၃၀	၄၂၁၀	၄၁၃၀	၄၀၈၅	၄၀၉၀	၄၃၁၀
HSD (500 ppm)	၃၉၉၅	၄၁၆၀	၄၁၀၅	၄၀၁၀	၄၁၆၀	၄၁၇၅	၄၂၅၅	၄၀၈၀	-	၄၅၀၀	၄၁၀၀	၄၄၉၀	၄၁၉၅	၄၁၅၀	၄၁၆၀	၄၃၇၀
HSD (50 ppm)	၄၈၀၀	၄၉၇၀	၄၉၁၅	၄၈၁၅	၄၉၇၅	၄၉၈၅	၅၀၃၀	၄၈၉၀	၅၀၃၀	၅၃.၂၅	၄၉၁၅	၅၀၉၅	၅၀၁၀	၄၉၆၅	၄၉၇၀	၅၁၉၀
HSD (10 ppm)	၄၈၀၀	၄၉၇၀	၄၉၁၅	၄၈၁၅	၄၉၇၅	၄၉၈၅	၅၀၃၀	၄၈၉၀		၅၃.၂၅	၄၉၁၅	၅၀၉၅	၅၀၁၀	၄၉၆၅	၄၉၇၀	၅၁၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၇၀	၃၇၇၈
95 Ron	၃၇၀၅	၃၈၁၃
HSD (500 ppm)	၃၇၉၂	၃၈၉၈
HSD (50 ppm)	၄၅၆၀	၄၆၈၁
HSD (10 ppm)	၄၅၆၀	၄၆၈၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၃၇၃၊၀၉-၂၅၄၆၂၄၄၇၇

၀၆၇-၄၁၁၂၈၂၊၀၉-၆၈၀၅၈၈၈၈

စက်သုံးဆီတင်သွင်းသုံလျော်ဖြန့်ဖြူးခြင်း
လုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ၉ရက် ၁၃

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင် မှ ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။ **(မိုး/၈လ)**

ပြည်ထဲရေးဝန်ကြီးဌာန
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး
ပဲခူးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ် ခွဲပြုငွေဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းအားဆောင်ရွက်မည်ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်း Lot.1 အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို (၁)စောင်လျှင် ၃၆,၀၀၀/-(ကျပ်သုံးသောင်းခြောက်ထောင်တိတိ)နှုန်းနှင့် Lot.2 အတွက် အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို (၁)စောင်လျှင် ၁၄,၆၀၀/-(ကျပ်တစ်သောင်းလေးထောင့်ခြောက်ရာတိတိ)နှုန်းတို့ဖြင့် အောက်ပါအတိုင်း ဆက်သွယ်ဝယ်ယူလျှောက်ထားနိုင်ပါသည်-

စဉ်	လုပ်ငန်းအမည်	Lot.No	နေရပ်လိပ်စာ
၁။	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တောင်ငူခရိုင်ရုံး RC(၂)ထပ်(၃၀'x၄၀') အဆောက်အဦဆောက်လုပ်ခြင်း	Lot.1	အကွက်အမှတ်(၅)၊ တိရစ္ဆာန်ရုံဟောင်းလမ်း၊ ဈေးတန်းရပ်၊ အမှတ်(၁၂) ရပ်ကွက်၊ တောင်ငူမြို့။
၂။	(က) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ တာဝန်မှူးရုံးခန်း RC(၁)ထပ်(၁၅'x၂၀') အဆောက်အဦဆောက်လုပ်ခြင်း၊ (ခ) (၆)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ကွန်ကရစ်လမ်းခင်းခြင်း (အရှည် ၃၉၁'၊ အကျယ် ၁၀') (ဂ) စစ်ကြောရေးနှင့်ထိန်းသိမ်းရေး RC(၂)ထပ်အဆောက်အဦနှင့် (၆)ခန်းတွဲ(၂)ထပ်ဝန်ထမ်းအိမ်ရာ အကြား ကွန်ကရစ်လမ်းခင်းခြင်း (အရှည် ၁၇၀'၊ အကျယ် ၂၅') (ဃ) (၆)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ မျက်နှာကြက်နှင့် သွပ်မိုးများပြုပြင် တပ်ဆင်ခြင်း (အလျား ၁၃၂'x အနံ ၃၀')	Lot.2	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးနှင့် ဝန်ထမ်းအိမ်ရာဝင်း၊ သမိန်ဗရမ်းလမ်းနှင့် သစ်တောရိပ်သာလမ်းသွယ်၊ ရပ်ကွက်ကြီး(၆)၊ ဥသျှမြို့သစ်၊ ပဲခူးမြို့။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် – ၁၇-၆-၂၀၂၆ နံနက်(၀၉၃၀)နာရီမှ ညနေ(၁၆၀၀)နာရီထိ

(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် – ၁၆-၇-၂၀၂၆ ညနေ(၁၆၀၀)နာရီ

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက် – ၁၇-၇-၂၀၂၆ ညနေ(၁၆၀၀)နာရီ

(ဃ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ – အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ သမိန်ဗရမ်းလမ်း၊ ရပ်ကွက်ကြီး(၆)၊ ဥသျှမြို့သစ်၊ ပဲခူးမြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ဖုန်းအမှတ်၊ ၀၅၂-၂၂၃၀၁၇၀ နှင့် ၀၅၂-၂၂၃၀၈၀၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ အောက်ကော့ရင်းကျေးရွာနေ စောဇင်အောင်သန့်(ခ)ဦးစောဆကပေါ် ၃/ဘအန(နိုင်)၁၅၃၂၆၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

စောဇင်အောင်သန့်(ခ)ဦးစောဆကပေါ်

မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ကျိုက်ဈေးမြို့၊ တရုန်ကျေးရွာနေ အဘ ဦးဟံမြင့် ၁၀/ကမရ(နိုင်)၁၃၀၅၅၂၏သမီး မဉ္ဇူ၏မွေးသက္ကရာဇ်မှာ ကျောင်းဝင်မှတ်ပုံတင်အရင်းအရ ၂၇-၈-၂၀၁၁ ဖြစ်ပါကြောင်း။

(၂၇-၈-၂၀၁၁)

ပြောက်ဆုံးကြောင်း

ဇင်ပွင့်ဖြူ(ဘ)ဦးမောင်ဟိန်း ၁၀/ကမရ(နိုင်)၁၃၃၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၇၀၀၅၅၆

ပြောက်ဆုံးကြောင်း

နှင်းလဲ့ရည်အောင်(ဘ)အောင်ဆန်းမင်း ၇/ပခန(နိုင်)၄၀၀၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပြောက်ဆုံးကြောင်း

ကျော်လင်းအောင်(ဘ)ဦးအောင်မြင့် ၁၀/မဒန(နိုင်)၁၆၃၇၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၆၅၅၁၉၁

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ အ.ထ.က ဇီးကုန်းကြီး၊ Grade-11(B) မှ မအေးသဲမွန်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို ၇/ညလပ(နိုင်)၁၃၆၆၁၈ ဖြစ်ပါကြောင်း။

ဦးဝင်းကိုကို

အလိမ္မာစာမှာရှိ

ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.လ.က(ခွဲ)ဘုရားကလေးကျောင်း၊ Grade-7 မှ မခေတ်သစ်တင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်နိုင် ၇/ပခန(နိုင်)၀၂၉၇၅၇ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်နိုင်

မွေးသက္ကရာဇ်အမှန်

ဘားအံမြို့နယ်၊ မိသရောင်ကျေးရွာနေ ခွန်ချစ်မင်းကို ၃/ဘအန(နိုင်)၅၆၇၁၇၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၉-၂၀၀၆ ဖြစ်ပါကြောင်း။

၁၀-၉-၂၀၀၆

မိဘအမည်မှန်

ဘားအံမြို့နယ်၊ အ.ထ.က(၄)ကျောင်း၊ Grade-3 မှ ခမမိမိကို၏မိဘအမည်မှန်မှာ ဦးအောင်ဆွေဝင်း ၃/မဝတ(နိုင်)၀၁၇၂၃ နှင့် ဒေါ်ချိုချိုဦး ၃/ဘအန(နိုင်)၁၆၆၉၅၃ ဖြစ်ပါကြောင်း။

ဦးအောင်ဆွေဝင်း-ဒေါ်ချိုချိုဦး

ပြောက်ဆုံးကြောင်း

စိုးသန္တာဦး(ဘ)ဦးစိုးဝင်း ၁၀/ကမရ(နိုင်)၁၄၉၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၉၉၉၉၄၂၄

ပြောက်ဆုံးကြောင်း

လှိုင်မျိုးထွန်း(ဘ)ဦးအုန်းကြိုင် ၁၄/မမန(နိုင်)၂၉၉၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပြောက်ဆုံးကြောင်း

မိုမိုမြင့်သူ(ဘ)ဦးချစ်စိန် ၈/အလန(နိုင်)၂၁၉၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၄၄၃၃၅

ပြောက်ဆုံးကြောင်း

ရဲထွန်း(ဘ)ဦးချစ်ငယ် ၁၀/ခဆန(နိုင်)၁၁၆၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၉၇၇၀၈၈၈၈

ပြောက်ဆုံးကြောင်း

ဆန်းအောင်(ဘ)ဦးအိုက်ဆော(ခ)ပေါင်ရှင်းဆော ၁၃/ကမန(နိုင်)၁၅၀၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 430631)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၃၇၇

ပြောက်ဆုံးကြောင်း

ပြည့်ဖြိုးအောင်(ဘ)ဦးလှဌေး၀င်း ၁၀/မလမ(နိုင်)၂၆၅၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၉၈၉၁၆

ပြောက်ဆုံးကြောင်း

ထက်ထက်ဇော်(ဘ)ဦးခင်ဇော်သိန်း ၁၀/ရမန(နိုင်)၁၇၅၆၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၁၄၀၃၃၃

ပြောက်ဆုံးကြောင်း

အိအိဇော်(ဘ)ဦးခင်ဇော်သိန်း ၁၀/ရမန(နိုင်)၁၆၁၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၁၄၀၃၃၃

ပြောက်ဆုံးကြောင်း

သက်ပိုင်မြင့်(ဘ)ဦး၀င်းမြင့် ၁၀/ရမန(နိုင်)၂၆၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

ပြောက်ဆုံးကြောင်း

အက်စ္စတာမွန်း(ဘ)ဦးတူးရှန်(ခ)ကျန်းမကြားတူးရှန် ၁/မကတ(နိုင်)၁၂၂၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ 490039)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၆၉၄၈၉၄

ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အ.လ.က(အင်ပု) Grade-5 မှ မောင်ခွဲပြည့်စုံလင်း၏ဖခင် ဦးသိန်းညွှန့်၏ အမည်မှန်မှာ ဦးကျန်ကျင်ဟူ ၁၃/နခန(နိုင်)၁၁၄၀၄၉ ဖြစ်ပါကြောင်း။

ဦးကျန်ကျင်ဟူ

ပြောက်ဆုံးကြောင်း

သူရအောင်(ဘ)ဦးထွန်းထွန်း၀င်း ၆/ကသန(နိုင်)၀၇၁၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ကျိုက်ဈေးမြို့၊ တရုနာကျေးရွာနေ အဘ ဦးဟံမြင့် ၁၀/ကမရ(နိုင်)၁၃၀၅၅၂ ၏သမီး မင်းနေအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်အရင်းအရ ၂၇-၅-၂၀၁၂ ဖြစ်ပါကြောင်း။

၂၇-၅-၂၀၁၂

ပြောက်ဆုံးကြောင်း

မျိုးလှိုင်၀င်း(ဘ)ဦးမြင့်ဦး ၁၀/သထန(နိုင်)၂၀၇၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၂၂၅၆

ပြောက်ဆုံးကြောင်း

သန့်ဇင်(ဘ)ဦးစောဘချစ် ၁၀/သထန(နိုင်)၂၈၃၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၈၂၅၆၂

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ အ.ထ.က ကြေးနီ၊ Grade-3 မှ အဘ ဦးရန်အောင်နိုး ၅/ဆလက(နိုင်)၀၇၀၃၅၆ ၏သား မောင်ဉာဏ်လင်းအောင်၏အမည်မှန်မှာ မောင်ဉာဏ်ထက်အောင် ဖြစ်ပါကြောင်း။

မောင်ဉာဏ်ထက်အောင်

ပြောက်ဆုံးကြောင်း

အေးသီ(ဘ)ဦးကြာနား ၁၀/မလမ(နိုင်)၁၆၆၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၉၇၇၀၈၈၈၈

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အ.လ.က မင်္ဂလာဧေယျ Grade-6(B) တန်းမှ မောင်ဇင်ဝေဖြိုး၏ဖခင်အမည်မှန်မှာ ဦး၀င်းနိုင် ၉/ကပတ(နိုင်)၁၅၀၈၇၈ ဖြစ်ပါကြောင်း။

ဦး၀င်းနိုင်

ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်

INNWA BANK LIMITED

- စာရင်းရှင်အပ်ငွေစာရင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- ဘဏ်အာမခံလုပ်ငန်း
- အပ်ငွေစာရင်းချိတ်ဆက်ခြင်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- ချေးငွေများထုတ်ချေးခြင်း
- ငွေပေးအမိန့်လွှာလုပ်ငန်း





အင်းဝဘဏ်လီမိတက် ဘဏ်ခွဲဝေါင်း (၃၆)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
(MONEY CHANGE COUNTER)(၁၉) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ၎င်းလွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်	အင်းဝဘဏ်လီမိတက်(ရန်ကုန်)	အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၆၇၃၄၃၄၇၁၊ ၀၆၇၃၄၃၄၇၂၂	ဖုန်း-၀၁၂၅၅၆၂၊ ၀၁၃၇၄၇၂၂	ဖုန်း-၀၂၄၀၃၆၅၇၇၊ ၄၂၄၅၇၂၁၊ ၂၀၂၁၀၁၊ ၂၀၄၀၄၃၁



မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်

- နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကုန်သွတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
- ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
- သာကေတ ကုန်သွတ္တာထားသိုစခန်း
- သာကေတ ဆီပိပ်ခံတံတားလုပ်ငန်း
- သာကေတ ကုန်လှောင်ရုံလုပ်ငန်း

ဆက်သွယ်ရန် မှုန်းနံပါတ်

ရုံးချုပ် – ၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄

သာကေတရုံး – ၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/၈လ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်ပတ်သက်သူ ၉၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကိုထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ လုံးဝပြန်လည်အခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုများဆောင်ရွက်

စာမျက်နှာ ၂၇ ကော်လံ ၁ ◆

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ (၉၄) ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြမြေပုံ။



မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃-၆-၂၀၂၆

စစ်တွေ	၄	ဒသမ	၆၁	လက်မ
ဖောင်းပြင်	၃	ဒသမ	၈၂	လက်မ
ဘီးလင်း	၃	ဒသမ	၃၀	လက်မ
ဟုမ္မလင်း	၃	ဒသမ	၁၅	လက်မ
ဒေးဒရဲ	၂	ဒသမ	၈၃	လက်မ
အိမ်မဲ	၂	ဒသမ	၈၀	လက်မ
ကလေးဝ	၂	ဒသမ	၇၂	လက်မ
ဘိုကလေး	၂	ဒသမ	၆၀	လက်မ
ပိုင်ကျုံ	၂	ဒသမ	၅၀	လက်မ

လာမည့်ရက်ပိုင်းအတွင်း အမေရိကန်နှင့်နားလည်မှုစာချုန်လွှာ လက်မှတ်ထိုးနိုင်မည်ဟု အီရန်ပြော

နိုင်ငံတကာသတင်း စာ – ၂၉ သို့

ကျောင်းဖွင့်ချိန်တွင် ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်းများ၌သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇွန် ၁၃

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလှုပ်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စာမျက်နှာ ၂၅ ကော်လံ ၃ ➤

နေပြည်တော် ဧရာဝတီရိုးမြို့နယ် ပေါင်းလောင်းမြစ်အနီး၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

နေပြည်တော် ဇွန် ၁၃

နေပြည်တော် ဧရာဝတီရိုးမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ပေါင်းလောင်းမြစ်အနီး၌ ယနေ့တွင် ရေပြင်ကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုနှင့် ရှာဖွေကယ်ဆယ်ရေး စာမျက်နှာ ၅ ကော်လံ ၁ ●



ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်တွင် တည်ရှိသည့် မန်းဓာတ်အားပေးစက်ရုံကို Supervisory Control And Data Acquisition (SCADA) စနစ်ဖြင့် ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်နေသောအခြေအနေကို National Control Center (NCC နေပြည်တော်) မှ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်၊ ဓာတ်အားစနစ်ထိန်းချုပ်ကွပ်ကဲမှု ပိုမိုကောင်းမွန်စေရန်နှင့် ဓာတ်အားစနစ်တည်ငြိမ်မှုရှိစေရန်ရည်ရွယ်၍ မန်းဓာတ်အားပေးစက်ရုံမှ ဓာတ်အားပို့လွှတ်နေသောဖီဒါများ၏ Multifunction Meter များအား အသစ်အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပြီး စက်ရုံရှိ ၁၃၂/၃၃/၁၁ ကေဗွီ ၅၀ အမ်ဗွီအေ ထရန်စဖော်မာအား ၆နှုန်းလ ၁၄ ရက်နံနက် ၈ နာရီမှ ၆နှုန်းတည့် ၁၂ နာရီအထိလည်းကောင်း၊ ၁၃၂/၆၆/၁၁ ကေဗွီ ၄၀ အမ်ဗွီအေ ထရန်စဖော်မာအား ၆နှုန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်း ယာယီဓာတ်အားပိတ်၍ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ➪